ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့ (3-3-2011) (၆၉၂)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် လေးအိမ်စုကျေးရွာအဝင် ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

☆ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ဝန်ကြီး ဦးသိန်းညွန့် မအူပင်-တွံတေးလမ်းဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး လေးအိမ်စုကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲ တက်ရောက်အားပေး

နေပြည်တော်　　မတ်　　၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန် (လှိုင်သာယာ)- တွံတေးကားလမ်း တွံတေးတံတားအနီး၌ စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူ ဖောက်လုပ်လျက်ရှိသည့် မအူပင်-တွံတေးကားလမ်းဆုံသို့ ရောက်ရှိပြီး ကတ္တရာခင်းဆောင်ရွက်နေမှု၊ မိုင်တိုင် (၂၆/၇)တွင် ကတ္တရာလမ်းခင်းရန် ပြင်ဆင်ဆောင်ရွက်မှု၊ မိုင်တိုင်(၂၅)ရှိ တကလှဲ့တံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် တံတားချဉ်းကပ်လမ်း မြေသားတာပေါင် ချဲ့ထွင်ဆောင်ရွက်နေမှုနှင့် မိုင်တိုင် (၁၃/၂) ရှိ ခတ္တီယတံတားမှ လှိုင်းတာ မိုင်တိုင် (၅/၁) အထိ လမ်းအကျယ် ၁၈ ပေ ကတ္တရာလမ်းဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ၏ စိုက်ပျိုးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် ကညင်ရေလှောင်တမံမှ စိုက်ပျိုးရေပေး ပင်မမြောင်းမကြီးကို ဤသို့တွေ့ရစဉ်။

ဧရာဝတီအနောက်ဘက်ခြမ်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကညင်ရေလှောင်တမံမှ ဆည်ရေသောက်ဧက ၂၅၀၀၀ ပေးဝေမည်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - မင်းဝင်းသန်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နိုင်ငံတော် စီးပွားရေးတိုးတက်စေရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးပြုရန် စဉ်ဆက်မပြတ် လေ့လာခဲ့ရာ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်္ဂပူမြို့နယ်တွင် ကညင်ရေလှောင်တမံ တည်ဆောက်နေပြီ ဖြစ်သည်။

ကညင်ရေလှောင်တမံစီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်သည် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ မြေဧရိယာဧက ၂၅၀၀၀ ခန့်ကို ဆည်ရေပေးဝေကာ စပါးနှင့် အခြားသီးနှံများ တိုးတက် စိုက်ပျိုးနိုင်ရေးနှင့် ရေအားလျှပ်စစ် (၅) မဂ္ဂါဝပ် ထုတ်လွှတ်၍ ပတ်ဝန်းကျင်ဒေသ ကျေးရွာများ လျှပ်စစ်ဓာတ်အားများ အသုံးပြုနိုင်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်သည်။

ကညင်ရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းများကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

ကြေးမုံ The Mirror
၃-၃-၂၀၁၁
(ကြာသပတေးနေ့)

ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အဓိကအင်အား တောင်သူလယ်သမားကြီးများပါဝင်

မြန်မာနိုင်ငံသည် ရေမြေသယံဇာတပေါများကြွယ်ဝပြီး ရာသီဥတု ညီညွတ်မျှတသဖြင့် သီးနှံစိုက်ပျိုးဖြစ်ထွန်းသော အခြေခံကောင်းများ ပြည့်စုံမှုရှိသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အချိုးအစားကြီးမားစွာ ပါဝင်လျက်ရှိသည်။ လယ်ယာကုန်ထုတ်လုပ်ငန်းများ စွမ်းဆောင်နေကြသည့် တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် မတ်လ ၂ ရက်နေ့ကို **တောင်သူလယ်သမားနေ့** အဖြစ် သတ်မှတ်ထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၁၁ ခုနှစ် တောင်သူလယ်သမားနေ့သဝဏ်လွှာတွင် **"နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာစေရန် တည်ဆောက်လျက်ရှိပါသည်။ အဆိုပါ ရည်မှန်းချက် အောင်မြင်စေရေးအတွက် အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားရေးသည် အခြေခံကျလျက်ရှိပါသည်။ အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန် နိုင်ငံသားတို့၏ ပင်ရင်းလက်ငုတ်ဖြစ်သော လယ်ယာကဏ္ဍသည် အလေးထားမြှင့်တင်ရမည့်ကဏ္ဍဖြစ်ပေသည်"** ဟူ၍ ဖော်ပြပါရှိသည်။

ယနေ့ကာလတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေမြေသယံဇာတများကို အစွမ်းကုန် ဖော်ထုတ်အသုံးချနေကြပြီ။ ရွှေ့ပြောင်းတောင်ယာများအား လှေကားထစ် လယ်ယာမြေများအဖြစ် ပြောင်းလဲဆောင်ရွက်နေကြပြီ။ စိုက်ပျိုးရေးနည်းပညာ၊ သီးနှံမျိုးကောင်းမျိုးသန့်များ၊ မြေဩဇာများနှင့် စက်မှုလယ်ယာစနစ် ကျင့်သုံးနိုင်ရေးအားပေးကူညီလျက်ရှိရာ သီးနှံစိုက်စွမ်းအား မြင့်မားတိုးတက်လာနေပြီဖြစ်သည်။

တစ်ချိန်တည်းတွင် လယ်ယာကဏ္ဍ တိုးတက်ဖြစ်ထွန်းရေး အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရေး အစီအမံများကိုလည်း ဖော်ဆောင်ပေးလျက်ရှိသည်။ ယခုအခါ နိုင်ငံတစ်ဝန်း၌ ဆည်တာတမံပေါင်း ၂၃၃ ခုကို တည်ဆောက်ပေးထားရာ ဆည်ရေသောက်လယ်ယာမြေဧက နှစ်သန်းကျော်ကို အကျိုးပြုနိုင်နေပြီ။ မြစ်ရေတင်လုပ်ငန်းပေါင်း သုံးရာကျော်ရှိသဖြင့် တစ်ကွင်းတစ်စပ်တည်း လယ်ယာမြေဧက ငါးသိန်းခန့်ကို အကျိုးပြုလျက်ရှိသည်။

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို အဘက်ဘက်က ကူညီဖြည့်ဆည်း တည်ဆောက်ပေးမှုများနှင့်အတူ သီးထပ်သီးညှပ်သီးနှံများ ပိုမိုစိုက်ပျိုးလာနိုင်ကြပြီ။ တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်မှု အခြေအနေကောင်းများ ဖြစ်ထွန်းလာနေပြီ။ ၂၀၁၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး စပါးအထွက် တင်းသန်း ၁၅၀၀ ခန့် ထွက်ရှိနေပြီဖြစ်သည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်ယှဉ်တွဲ၍ တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာလျက်ရှိနေပြီ။ နိုင်ငံ၏ အဓိကအင်အား တောင်သူလယ်သမားထုကြီးတစ်ရပ်လုံးက ဆန်စပါးနှင့် သီးနှံစုံထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းရင်း ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ဝိုင်းဝန်းပါဝင်တည်ဆောက် သွားကြရမည် ဖြစ်ပါသည်။ ။

ကျေးဇူးရှင် မိခင်ကြီး ဒေါ်ရီရီမာ (ပန်းသာရုပ်ရှင်)အား ရည်စူး၍ တောနေယဉ်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာ ဒေါ်ဆွေဆွေရီက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်လျက်ရှိသော သံဃာဆေးကုသဆောင်သစ်ကြီး၏ သံဃာရေချိုးခန်းတစ်ခန်းနှင့် သံဃာများအသုံးပြုရန် ခုတင်၊ မွေ့ရာ၊ ဗီရိုလေးစုံတို့အတွက် အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (ကြေးမုံ)



ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်မှုထမ်းဟောင်းအိမ်ရာ လွှဲပြောင်းပေးအပ်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး တက်ရောက်

နေပြည်တော် မတ် ၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ ကုန်းပေါက်ရပ်ကွက်၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အိမ်ရာနေထိုင်ခွင့်လက်မှတ်များနှင့် အခြေခံစားကုန်များ ပေးအပ်သည်။

ဆက်လက်၍ တာဝန်ရှိသူများက အိမ်ရာကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက အိမ်ရာလွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားမှတ်တိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အိမ်ရာလူနေအိမ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးလွန်းသီ ၂၀၁၀ ခုနှစ် အာဆီယံဆုတံဆိပ်များ အစီအစဉ်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် မတ် ၂

၂၀၁၀ ခုနှစ် အာဆီယံဆုတံဆိပ်များအစီအစဉ်၊ စက်ရုံများနှင့် အဆောက်အအုံများတွင် အကောင်းဆုံး စွမ်းအင်စီမံခန့်ခွဲမှုပြိုင်ပွဲ၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုကြသော အဆောက်အအုံများပြိုင်ပွဲနှင့် ပြန်ပြည့်မြဲစွမ်းအင် အသုံးချရေး စီမံကိန်းပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သူများ၊ ပြိုင်ပွဲဝင်အဖွဲ့အစည်းများနှင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ ဒုတိယဝန်ကြီး ဦးသန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြိုင်ပွဲရွေးချယ်စိစစ်ရေး အမျိုးသားကော်မတီဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများ၊ အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်များ အစီအစဉ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြားပြီး ပြိုင်ပွဲရွေးချယ်စိစစ်ရေး အမျိုးသားကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်က ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စက်ရုံများ၊ အဆောက်အအုံများနှင့် ပြန်ပြည့်မြဲစွမ်းအင်အသုံးချရေး စီမံကိန်းတို့၏ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ၂၀၁၀ ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်များ အစီအစဉ်ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သူများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသန်းဌေးက ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား လည်းကောင်း၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိသူများကိုယ်စား ကောင်းကျော်စေကုမ္ပဏီမှ ဦးထွန်းနိုင်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ၂၀၁၀ ခုနှစ် အာဆီယံ စွမ်းအင်ဆိုင်ရာ ဆုတံဆိပ်များ အစီအစဉ်ပြိုင်ပွဲများတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) သင်တန်းသား၊ သင်တန်းသူ (၅၀)ဆံ့ အရာရှိနှစ်ထပ်အိပ်ဆောင်သစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) သင်တန်းသား၊ သင်တန်းသူ (၅၀) ဆံ့ အရာရှိ နှစ်ထပ်အိပ်ဆောင်သစ် "မန္တလာဆောင်" ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်တွင် အဆိုပါ အဆောက်အအုံ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင် ဦးစိုးဦး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်တို့က အရာရှိ နှစ်ထပ်အိပ်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင် ဦးဝင်းအောင်က သင်တန်းသား၊ သင်တန်းသူ (၅၀) ဆံ့ "မန္တလာဆောင်" သစ်၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးကာ ဧည့်သည်တော်များသည် အရာရှိ နှစ်ထပ်အိပ်ဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ -အဖွဲ့ဝင် ဦးဝင်းအောင် သင်တန်းသား၊ သင်တန်းသူ (၅၀) ဆံ့ "မန္တလာဆောင်" သစ်၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ချောက် စက်မှုလက်မှုသိပ္ပံ ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကျင်းပမည်

နေပြည်တော် မတ် ၂

ချောက် စက်မှုလက်မှုသိပ္ပံ ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို မတ် ၅ရက် ညနေ ၆ နာရီတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်ရှိ ကောင်းထက်ကောင်း စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ နေပြည်တော်ရောက် ချောက် စက်မှုလက်မှုသိပ္ပံ ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူ ဟောင်းများစုံညီစွာ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ - တရုတ် စီးပွားရေး လုပ်ငန်းများအလိုက် ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်ဟွီးပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် စီးပွားရေးလုပ်ငန်းများအလိုက် အကျိုးတူပူးပေါင်းလုပ်ကိုင် ရောင်းဝယ်မှုပြုနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ် (နိုင်ငံတကာ ဆက်ဆံရေးဌာန) သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ အထိသို့ ဖြစ်စေ အချိန်မီ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ထို့နောက် (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် လေးအိမ်စုကျေးရွာအဝင် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး လမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုသည်။

အဆိုပါ လေးအိမ်စုကျေးရွာအဝင် ကျေးလက်ကျောက်ချောလမ်းမှာ လမ်းအရှည် တစ်မိုင် သုံးဖာလုံ၊ အကျယ် ၁၀ ပေရှိပြီး စည်ပင်သာယာရေး ဦးစီးဌာနခွင့်ပြုရန်ပုံငွေဖြင့် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းလမ်းဖောက်လုပ်ပြီးစီးသွားသဖြင့် လေးအိမ်စု၊ ကုက္ကိုစု၊ ကညင်သုံးပင်၊ တာတပေါ်နှင့် သရက်ငူကျေးရွာနေပြည်သူများအနေဖြင့် မအူပင်-တွံတေးလမ်းမကြီးသို့ အလွယ်တကူ ရာသီမရွေးသွားလာနိုင်ကာ မကြာမီဖောက်လုပ်ပြီးစီးမည့် မအူပင်-တွံတေး- ရန်ကုန် (လှိုင်သာယာ) လမ်းမကြီးမှတစ်ဆင့် ရန်ကုန်မြို့သို့ ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း တိုးမာလာကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုးမာလာနှစ်ထပ်ကျောင်းဆောင်သစ်ကို အမှတ်(၁) အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ထူးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးရွှေဝင်းလှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဝန်ကြီးနှင့်ဧည့်သည်တော်များက ကျောင်းဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာ ပက်ဖျန်းပေးကြသည်။

ထို့နောက် ရွှေရတုခန်းမဆောင်တွင် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ပညာသင်ကြားရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ထူးက မအူပင်မြို့နယ် ပညာရေးမှူး ဦးစိုးမြင့်သောင်းထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်သိန်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဦးသိန်းညွန့်က ပညာရေး၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး တို့ကို ဆွေးနွေးမှာကြားသည်။

အဆိုပါကျောင်းဆောင်သစ်သည် အလျား ၁၃၂ ပေ၊ အနံ ၂၁ ပေရှိ နှစ်ထပ် အုတ်ညှပ်ကျောင်းဆောင်ဖြစ်ပြီး နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်က ပျက်စီးခဲ့ရာမှ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေ၊ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေတို့ဖြင့် စည်ပင်သာယာရေး ဦးစီးဌာနက တာဝန်ယူဆောက်လုပ်ပေးခဲ့ခြင်း ဖြစ်သည်။

အလားတူ ဝန်ကြီးသည် မအူပင်မြို့နယ် ကဝက္ကင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း သံကူကွန်ကရစ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ထို့နောက် ဝန်ကြီးသည် မအူပင်မြို့နယ် သုံးခွကျွန်းတာပေါင်ပတ်လမ်း မိုင်တိုင် ၁၆ ရှိ ပံတပွတ်-ကျုံသင်လမ်းပိုင်း လမ်းအရှည် ၁၉ မိုင် နှစ်ဖာလုံအား ၁၈ ပေအကျယ် စက်ယန္တရားကြီးများဖြင့် မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

သုံးခွကျွန်းတာပေါင်လမ်းသည် မအူပင်မြို့နယ် သုံးခွကျွန်းအတွင်းရှိ ကျေးရွာအုပ်စု ၁၇ အုပ်စု၊ ကျေးရွာပေါင်း ၁၇ ရွာနေ ပြည်သူများ သွားလာမှုလွယ်ကူစေရန် စည်ပင်သာယာရေးဦးစီးဌာနက ဖောက်လုပ်ပေးထားသည့်လမ်းဖြစ်ပြီး ပံတပွတ်ကျေးရွာမှ ကျုံသင်ကျေးရွာအထိ လမ်းအရှည် ၂၉ မိုင် နှစ်ဖာလုံရှိသည့် လမ်းအပိုင်းကို မူလမြေသားလမ်းအကျယ် ၁၀ ပေမှ အကျယ် ၁၈ ပေနှင့် ကျောက်လမ်း အကျယ် ၁၂ ပေအထိရှိအောင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း တိုးချဲ့ဖောက်လုပ်လျက်ရှိသည့်လမ်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

KMD ၏ နွေဦးအကြို အထူးဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၂

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် တစ်နေရာတည်းတွင် စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ရန် KMD Sales & Service မှ "နွေဦးအကြို အထူးဈေးရောင်းပွဲတော်"ကို မတ် ၅ ရက်တွင် Strand Hotel ၌ ကျင်းပမည်ဖြစ်သည်။

အထူးဈေးရောင်းပွဲတော်နှင့် အတူ အသစ်ထွက်ရှိလာသော ပစ္စည်းအသစ်အဆန်းများကိုလည်း ပြသသွားမည်ဖြစ်ပြီး CDMA EVDO စနစ်ဖြင့် တွဲဖက်အသုံးပြုနိုင်သော နာမည်ကြီး 2 THE MAX 3G Connector, GSM Edge စနစ်ဖြင့် တွဲဖက်အသုံးပြုနိုင်သော Prolink GSM 3G Connector, ထို 3G Connector များမှ ကြိုးနှင့် ကြိုးမဲ့ စနစ်ဖြင့်ပါ အင်တာနက်လိုင်း ပြန်လည်လွှင့်ထုတ်ပေးနိုင်သော Prolink 3G Router များ ကမ္ဘာ့ပထမဦးဆုံး LED Display Screen ၁၂ ဒသမ ၅ လက်မဖြင့် ထွက်ရှိလာပြီး ပေါ့ပါးကျစ်လျစ်သည့် ဒီဇိုင်းဖြင့် Lenovo ၏ U260 Notebook, HP Wireless Printer, ပါဝါ Adapter သုံးစွဲရန်မလိုသော Canon Lide 110 Scanner အသစ်၊ မြန်နှုန်းမြင့် USB 3.0 Hard Disk များအစရှိသော နည်းပညာမြင့်ပစ္စည်းများကို ပြသရောင်းချပေးသွားမည်။ ထို့အပြင် Singapore Apple Store မှ တိုက်ရိုက်မှာယူတင်သွင်းသော Apple Product များနှင့် ဆက်စပ်ပစ္စည်းများ၊ iPad, iPhone များအတွက် Accessories ပစ္စည်းများကို စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်စေရန်အတွက် Apple Corner ကိုလည်း ပြသသွားမည်ဖြစ်သည်။

အများဆုံး ၅၀ ရာခိုင်နှုန်းအထိ လျှော့ချထားသော ကွန်ပျူတာဆက်စပ်ပစ္စည်းများ ရောင်းချပေးမည့် Amazing Sales အစီအစဉ်ကို မွန်းလွဲ ၁ နာရီတွင် တစ်ကြိမ်၊ ညနေ ၄ နာရီတွင်တစ်ကြိမ် ရောင်းချပေးခြင်း၊ Happy Hour အစီအစဉ်အနေဖြင့် ငွေကျပ်တစ်သောင်းကျော်တန် NEC Notetbook Bag ကို ငွေကျပ် ၃၀၀၀ တည်းဖြင့် မွန်းတည့် ၁၂ နာရီတွင် တစ်ကြိမ်၊ Warranty (တစ်နှစ်ခွဲ)အာမခံပါရှိသော Verbatim 2GB Pen Drive ကို ငွေကျပ် ၃၀၀၀ တည်းဖြင့် ညနေ ၃ နာရီတွင် တစ်ကြိမ် မဲနှိုက်ရောင်းချပေးခြင်း၊ Bundle Price အစီအစဉ်အနေဖြင့် ကွန်ပျူတာ ဝယ်ယူသူများ အခြားဆက်စပ်ပစ္စည်းများ ဝယ်ယူလျှင် အထူးလျှော့ဈေးဖြင့် ရောင်းချပေးခြင်းစသော အစီအစဉ်အများအပြား ပြုလုပ်မည်ဖြစ်သည်။

KMD Training Centre အနေဖြင့် ထိုနေ့တွင် သင်တန်းအပ်နှံပါက သင်တန်းကြေး၏ ၃၀ရာခိုင်နှုန်းလျှော့၍ လည်းကောင်း၊ ကလေးများအတွက် နွေရာသီကျောင်းပိတ်ရက် ကွန်ပျူတာ သင်တန်းများကို ၃၀ ရာခိုင်နှုန်းလျှော့၍ လည်းကောင်း၊ KMD နှင့် NCC(UK) တို့ ပူးပေါင်းဖွင့်လှစ်သင်ကြားသော IDCS Diploma သင်တန်းများကို ငွေကျပ်ငါးသောင်းလျှော့၍လည်းကောင်း လက်ခံသွားမည် ဖြစ်သည်။ KMD အထူးဈေးရောင်းပွဲတော်နှင့် ပတ်သက်၍ KMD Sales & Service Centre ဖုန်း-၂၄၅၁၈၀၊ ၃၈၅၁၇၇ နှင့် ကွန်ပျူတာ သင်တန်းများနှင့် ပတ်သက်၍ KMD Training Centre ဖုန်း-၃၈၁၀၃၅ နှင့် ၃၈၁၇၇၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဒေါ်ခင်နွဲ့အား ရည်စူး၍ မြကန်သာ(၂)လမ်း အေရှားဗီလာ (၄)ရပ်ကွက် လှိုင်မြို့နယ်နေ ဦးကျော်စိုးနှင့် သားသမီး မြေးတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်လျက်ရှိသော သံဃာဆေးကုသဆောင်သစ်ကြီး၏ အခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။ (သတင်းစဉ်)

ဝါးခယ်မမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ဝါးခယ်မမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ဝါးခယ်မမြို့နယ် ရွှေခယ်သီရိခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) တွဲဖက်အတွင်းရေးမှူး(၁) ဦးရန်ပိုင်စိုးက မြန်မာနိုင်ငံဂီတအစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများ ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဗဟိုအမှုဆောင် ကေတုဦးဝင်းထွဋ်က ဥက္ကဋ္ဌ ဦးအေးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်လွင် (ကျော်လွင်ဦး)၊ အတွင်းရေးမှူး ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး အမှုဆောင်ကော်မတီ ခန့်အပ်လွှာကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၄ ရက်က လှိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသော ကျောင်းပြုပြင်ရန် ငွေပဒေသာပင် စိုက်ထူပွဲတွင် ဆရာမများနှင့် မိဘနှစ်ဦးတို့က လှူဒါန်းငွေ ကျပ် ၂၈၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသန်း လက်ခံယူစဉ်။ (၅၄၃)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်နှင့်အဖွဲ့ ခရမ်းမြို့မဈေး မီးဘေးလုံခြုံရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ မီးဘေးကြိုတင်ကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို လိုက်လံရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အကြိမ်(၁၀၀)မြောက် သွေးလှူ

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ တာမွေမြို့နယ် ယုဇနပလာဇာ အနောက်ဘက်တန်း မြေညီထပ် ဝင်ပေါက်(၁၆)၊ Q-18, R-20 နန်းဦးဝေပိုးထည်ဆိုင်မှ ဦးစန်းမောင်မြင့် (စောယွမ်း-ကန့်ဘလူ) (လူမှုထူးချွန်-ပထမဆင့်)သည် မတ် ၁ ရက်တွင် အမျိုးသားသွေးဌာန၌ စေတနာအလျောက် အကြိမ်(၁၀၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ခြင်ဆေးခွေသုံးလျှင် အနီးတွင် လောင်စာပစ္စည်း မထားနှင့်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဒုဿီလ ရဟန်းအကြောင်း ဥပမာပြ"တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၃၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၄၈)**
- ၈း၄၀ ထာဝစဉ်ဦးတင်"မြတ်ဆရာ၏ ကျေးဇူးဂုဏ်အင်"အထက(၁) သာကေတ၏အာစရိယပူဇော်ပွဲ
- ၉း၀၀ အစဉ်အလာကြီးမားသည့် ဘာသာစုံဂုဏ်ထူးရှင်တို့၏ အောင်မြေ
- ၉း၁၅ "ဝမ်းမြောက်ရွှင်လန်း မင်္ဂလာကန်တော့ပန်း" (၁၉၆၆-၆၇ ပညာသင်နှစ်ရန်ကုန် စီးပွားရေးတက္ကသိုလ်၏အာစရိယ ပူဇော်ပွဲ
- ၉း၃၅ Science For All (ကားဝယ်စီးလျှင်တာယာ အကြောင်းသိထားသင့်သည်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၁၀း၀၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "မနက်ဖြန်အစီအစဉ်"
- ၁၀း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၀၀ The Champion of Dance
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ လယ်တီသာသနာ လယ်တီကျောက်စာ
- ၁၂း၄၀ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာ မြို့နယ်လုံးဆိုင်ရာ သာသနာနုဂ္ဂဟ ဗိမာန်တော်ကြီးအုတ်မြစ်စီမင်္ဂလာ
- ၁း၀၀ "ဒုဿီလ ရဟန်းအကြောင်း ဥပမာပြ"တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Calsome ကွေကာကနေကြီးမှူး ကျင်းပတဲ့စိတ်လှုပ်ရှားဖွယ်ရာ မိသားစုအားလပ်ရက်များဖြစ်စေဖို့ Family Challenge)
- ၂း၃၅ အဘိဓမ္မာတောင်သာဇီဝိတဒါန တိုင်းရင်းဆေးကုသလှူဒါန်းပွဲ
- ၂း၅၀ ရန်ကုန်မြင်ကွင်းကျယ် (ယုဇနပလာဇာအရောင်းမြှင့်တင် ပွဲနှင့်အလှမောင်မယ်ရွေးပွဲ)
- ၃း၀၀ ရန်ကုန်မြင်ကွင်းကျယ် (GREE ပစ္စည်းသစ်မိတ်ဆက်ပွဲ)
- ၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၃၁)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၈)**
- ၄း၄၅ T.Home ရောင်စုံသကြ်န်ကိုကြိုတင် ခံစားခြင်း
- ၅း၀၅ ခတ်ပုံထဲမှအမှတ်တရများ (ရတနာမိုင်)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ သဲတောမြို့ အခြေခံပညာ အထက်တန်းကျောင်းဖွင့်ပွဲ
- ၆း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၃၂)**
- ၇း၁၅ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ကြည်လင်သောရေ၏ လှို့ဝှက်ချက်
- ၈း၄၀ စကားနပန်း (ကဂျီကကျောင်ကျတာကောင်းတယ်၊ ကဂျီကကျောင်မကျတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၉)**
- ၁၀း၀၅ အားကစားမြင်ကွင်းစုံ (လူပြောများတဲ့ဘောလုံးပွဲ) (အကြည်တော်၊ အရိုး၊ ဝေမင်းမောင်)
- ၁၀း၃၀ မင်းအချစ်က လိုပါသေးတယ် (စစ်ပိုင်၊ ဟန်ထူး၊ အမ်-ဇိုင်း၊ ချစ်စနိုးဦး) (ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး)
- ၁၀း၅၀ အနုပညာမိုးကောင်းကင်
- ၁၁း၁၀ တေးဂီတအစီအစဉ်
- ၁၁း၃၀ ဂီတသရုပ်ပြခန်း (ဉာဏ်လင်းအောင်ရဲ့ "အသင့်ရှိသူ"စီးရီး)
- ၁၁း၅၀ ယုံကြည်ချက်များနဲ့အတူ
- ၁၂း၀၀ Celebrity Profile (Lee Byaung Hun)
- ၁၂း၄၅ စိတ်ဝင်စားစရာမုန့်လုပ်နည်းပညာ Myanmar Baking Trading Centre မှာ. . .
- ၁း၀၀ နုယဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းပွင့်များရဲ့ဖန်တီးရှင်) (ပန်းဒေါင်းပြုလုပ်နည်း)
- ၁း၂၀ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့
- ၁း၃၀ ငွေဆောင်ခရီးစဉ်မှသည် ဘဝအတွက်ခွန်အားသစ်များ မွေးဖွားခြင်း
- ၂း၀၅ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်းသိကောင်းစရာ (ဒေါက်တာချာလီသန်း၊ မောင်ကြင်နာ၊ ထွန်းနေစိုး)
- ၂း၄၅ ဖိတ်ခေါ်ပါသည် ဖွံ့ဖြိုးဝေစည်ညောင်ကျိုးမြို့ဆီသို့
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ပတ္တမြားမြေမှ လေ့လာဖွယ်ရာများနှင့် တစ်မူထူးခြားထာပွဲများ
- ၄း၂၀ နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
- ၄း၃၅ ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဂျပန်အနေဖြင့်သမိုင်းကို ရိုးသားစွာဝန်ခံရန် တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်တိုက်တွန်း

ဂျပန်နိုင်ငံ၏ ရိုးသားမှုကို ဖော်ပြရန် တိုက်တွန်းလိုက်သူ တောင်ကိုရီးယား သမ္မတ အီမြောင်ဘတ်။

ဆိုးလ်　မတ်　၂

နှစ်နိုင်ငံအကြား ဆက်ဆံရေးအသစ်တည်ဆောက်နိုင်ရန် ကိုရီးယားကျွန်းဆွယ်ကို ကိုလိုနီပြုခဲ့စဉ်ကာလက ကျူးလွန်ခဲ့သောအပြစ်များကို ဂျပန်နိုင်ငံအနေဖြင့် ရိုးသားစွာ ဝန်ချတောင်းပန်ရန် လိုအပ်ကြောင်း တောင်ကိုရီးယားသမ္မတအီမြောင်ဘတ်က မတ် ၂ ရက်က တိုက်တွန်းလိုက်သည်။

လွန်ခဲ့သည့်နှစ်က ဂျပန်ဝန်ကြီးချုပ် နာအိုတိုခန် ထုတ်ပြန်ခဲ့သော အထူးထုတ်ပြန်ချက်ပါ အချက်များနှင့်အညီ ယခုအချိန်သည် ဂျပန်နိုင်ငံ၏ ရိုးသားမှုကိုဖော်ပြသင့်သည့် အချိန်ဖြစ်ကြောင်း သမ္မတအီမြောင်ဘတ်က တောင်ကိုရီးယားလွတ်လပ်ရေး လှုပ်ရှားမှုနေ့အခမ်းအနား၌ ပြောကြားသည်။

၁၉၁၀ ခုနှစ်မှ ၁၉၄၅ ခုနှစ် အကြားကာလ ကိုရီးယားကျွန်းဆွယ်ကို ဂျပန်များသိမ်းပိုက်ခဲ့စဉ် ကိုရီးယားတို့၏ ခုခံရေးလှုပ်ရှားမှုများကို ဂျပန်တပ်များက ဖိနှိပ်နှိမ်နင်းခဲ့ပြီး ကိုရီးယားယဉ်ကျေးမှုကို ဖျက်ဆီးရန်ကြိုးပမ်းခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကာလ၌ ဂျပန်တပ်ဖွဲ့များဘက်မှ ဝင်ရောက်တိုက်ခိုက်ပေးခဲ့ရခြင်းနှင့် ချွေးတပ်သားများအဖြစ် ခိုင်းစေခံခဲ့ရခြင်းတို့ကြောင့် ကိုရီးယားလူမျိုး ထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။

ကိုရီးယားကျွန်းဆွယ်၌ ဂျပန်တပ်များ ကျူးလွန်ခဲ့သော ပြစ်မှုများနှင့်ပတ်သက်၍ နောင်တရမိကြောင်း ဂျပန်အစိုးရက မကြာခဏ ပြောကြားလေ့ရှိသော်လည်း အချို့သော ဂျပန်လွှတ်တော်အမတ်များက ဂျပန်တပ်များ၏ စစ်အတွင်းလုပ်ရပ်များသည် တရားမျှတမှုရှိသယောင် မကြာခဏ ပြောကြားလေ့ရှိခဲ့ရာ ဂျပန်အစိုးရ၏ အဆိုကို တောင်ကိုရီးယားက တရားဝင်လက်ခံခြင်းမရှိပေ။

အေအက်ဖ်ပီ။

အမေရိကန်နိုင်ငံနှင့် တာလီဘန် တွေ့ဆုံဆွေးနွေးရန် ဗြိတိန်ပါလီမန် တိုက်တွန်း

လန်ဒန်　မတ်　၂

အာဖဂန်စစ်ပွဲကို ရပ်တန့်ရန် မျှော်လင့်ထားပါက အမေရိကန်ပြည်ထောင်စုအနေဖြင့် တာလီဘန်စစ်သွေးကြွအုပ်စုနှင့် တိုက်ရိုက်တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်သင့်ကြောင်း ဗြိတိန်ပါလီမန် နိုင်ငံခြားရေးရာကော်မတီက ဗုဒ္ဓဟူးနေ့တွင် တိုက်တွန်းခဲ့သည်။

စစ်ရေးနည်းလမ်းကို အသုံးပြုခြင်းအားဖြင့် အာဖဂန်ပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်မည် မဟုတ်ကြောင်း နိုင်ငံခြားရေးရာကော်မတီက ပြောကြားခဲ့သည်။

တာလီဘန် ခေါင်းဆောင်များနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ရန် ဗြိတိန်အစိုးရအနေဖြင့် ၎င်း၏ဩဇာကို အသုံးပြု၍ အမေရိကန်ပြည်ထောင်စုအား ဖျောင်းဖျသင့်ကြောင်း ယင်းကော်မတီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စု အပါအဝင် ပြည်ပတပ်ဖွဲ့များ အာဖဂန်နစ္စတန်မှ ဂုဏ်သိက္ခာရှိရှိ ထွက်ခွာလိုပါက အာဖဂန်ပြည်တွင်း နိုင်ငံရေးအရ ပေါင်းစည်းမှုဖြစ်စဉ်၌ အာဖဂန်နိုင်ငံသားများကိုသာ ဦးဆောင်ခွင့်ပေးရမည်ဖြစ်ကြောင်း ဗြိတိန်ပါလီမန် နိုင်ငံခြားရေးရာ ကော်မတီက ပြောကြားသည်။

ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် အာဖဂန်နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်ရန် လုံးပန်းလျက်ရှိသော်လည်း ပြည်တွင်း ပြန်လည်ပေါင်းစည်းရေးကို အာဖဂန်များကသာ ဦးဆောင်ရမည် ဖြစ်ကြောင်း၊ စစ်ရေးအရ ဖိအားပေးခြင်းသည် တာလီဘန်များကို ဆွေးနွေးပွဲသို့ တွန်းပို့သည့် နည်းလမ်းသာ ဖြစ်ကြောင်း ဗြိတိန်နှင့် အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့ပြီး ဖြစ်သည်။

သို့ရာတွင် သမ္မတဟာမစ်ကာဇိုင်း၏ အာဖဂန်အစိုးရအဖွဲ့သည် အမေရိကန်၏ တိုက်ရိုက်ပါဝင်မှုမရှိဘဲ တာလီဘန်များနှင့် တွေ့ဆုံဆွေးနွေးရေးကို လုပ်ဆောင်နိုင်စွမ်းမရှိကြောင်း ဗြိတိန်ပါလီမန် နိုင်ငံခြားရေးရာကော်မတီ၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အမ်အင်အေ၊ ရိုက်တာ။

ခုခံအားကျဆင်းမှုရောဂါကုထုံးအဖြစ် မျိုးဗီဇအင်ဂျင်နီယာနည်းပညာကို အသုံးပြုနိုင်ရန် မျှော်လင့်ချက်ရှိ

ဘော်စတွန်　မတ်　၂

ခုခံအားကျဆင်းမှုရောဂါ(အေအိုင်ဒီအက်စ်)ကို ကုသရန်ကြိုးစားသည့်အနေဖြင့် သိပ္ပံပညာရှင်များသည် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးကာကွယ်နိုင်သော သွေးကလာပ်စည်းများဖွံ့ဖြိုးရေးအတွက် မျိုးဗီဇအင်ဂျင်နီယာ နည်းပညာကို အသုံးပြု၍ အေအိုင်ဒီအက်စ်ဝေဒနာသည် ခြောက်ဦးအား ကုသလျက်ရှိကြောင်း ဖေဖော်ဝါရီ ၂၈ ရက် သတင်းများတွင် ဖော်ပြသည်။

သို့ရာတွင် မျိုးဗီဇအင်ဂျင်နီယာ နည်းပညာကို ခုခံအားကျဆင်းမှုရောဂါကုသရေး ကုထုံးသစ်အဖြစ်အသုံးပြုနိုင်ခြင်း ရှိ၊ မရှိကို သက်သေပြနိုင်ရန် အချိန်လိုသေးကြောင်း သတင်းတွင်ဖော်ပြသည်။

မျိုးဗီဇအင်ဂျင်နီယာနည်းပညာသည် ခုခံအားကျဆင်းမှုရောဂါကိုတိုက်ဖျက်ရာတွင် အောင်မြင်ရန် အလားအလာရှိသော၊ လုံခြုံမှုရှိသော ကုထုံးတစ်ရပ်အဖြစ် သက်သေပြနိုင်ရန် သိပ္ပံပညာရှင်များက အဆိုပါစမ်းသပ်ကုသမှုကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **(ယာပုံ)**

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ လွန်ခဲ့သောလေးနှစ်နီးပါးခန့်က မြစ်ပွားနာအတွက် သွေးကလာပ်စည်းအစားထိုးကုသမှု ခံယူခဲ့သူတစ်ဦးသည် ၎င်းခံစားနေရသော ခုခံအားကျဆင်းမှုရောဂါလည်း မမျှော်လင့်ဘဲ ပျောက်ကင်းခဲ့ဖွယ်ရှိရာ ယင်းသာဓကကိုအခြေပြု၍ မျိုးဗီဇ အင်ဂျင်နီယာ အသုံးပြု ခုခံအားကျဆင်းမှုရောဂါကုထုံးကို သိပ္ပံပညာရှင်များက စမ်းသပ်လုပ်ဆောင်နေခြင်းဖြစ်သည်။

အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကို ကာကွယ်နိုင်စွမ်းရှိသည့် သွေးကလာပ်စည်းများအား လူနာထံမှပင် ထုတ်ယူနိုင်မည့်နည်းလမ်းကို သိပ္ပံပညာရှင်များက ကြံဆလျက်ရှိကြောင်းသတင်းများတွင် ဖော်ပြသည်။

အေပီ။

အင်ဒိုနီးရှားယာဉ်ကြောပိတ်ဆို့မှုတွင် ကုန်တင်ကားအစီး ၂၀၀၀ ခန့် ပိတ်မိနေ

မာရက်ခ်　မတ်　၂

အင်ဒိုနီးရှားနိုင်ငံ၌ဖြစ်ပွားခဲ့သော ရက်သတ္တပတ်ကြာ ယာဉ်ကြောပိတ်ဆို့မှုအတွင်း ကုန်တင်ကားယာဉ်မောင်းများ ပိတ်မိကာ ဒုက္ခရောက်ခဲ့ကြရကြောင်း တာဝန်ရှိသူများက မတ် ၁ ရက်တွင် ပြောကြားသည်။

ပိတ်မိနေသည့်ယာဉ်ကြောအတွင်းရောက်ရှိခဲ့သော ကုန်တင်ကားယာဉ်မောင်းများသည် ၎င်းတို့၏ ဝမ်းရေးဒုက္ခကို ဖြေရှင်းနိုင်ရန် လက်ကိုင်ဖုန်းအစရှိသော ကိုယ်ပိုင်ဥစ္စာများကို ထုခွဲရောင်းချ၍ အစားအသောက်များ ဝယ်ယူစားသောက်ကြရသည်ဟု ဆိုသည်။

ပိတ်ဆို့နေသောယာဉ်ကြောသည် ခုနစ်မိုင်မျှရှည်လျားကာ ကုန်တင်ယာဉ် အစီး ၂၀၀၀ ခန့်သည် ရွှေ့ရုံမျှသာ မောင်းနှင်နိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုကြောင့် ပုံမှန်အားဖြင့် သုံးနာရီမျှသာကြာမြင့်သည့် အနောက်ဂျာဗား မာရက်ခ်ဆိပ်ကမ်းမှ ဆုမတြားကျွန်းအရှေ့တောင်ပိုင်း ဘာကူဟီနီဆိပ်ကမ်းအကြား ကုန်စည်စီးဆင်းမှုလမ်းကြောင်း ရပ်တန့်ခဲ့ရသည်။

အရှေ့တောင်အာရှ၏ အကြီးမားဆုံး စီးပွားရေးဈေးကွက်ဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၌ ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို အစိုးရက နိုင်နိုင်နင်းနင်း ဖြေရှင်းနိုင်ခြင်းမရှိကြောင်း ယာဉ်မောင်းများက ပြစ်တင်ခဲ့ကြသည်။

အေအက်ဖ်ပီ။

ဂမ္ဘီရပညာသည်များနှင့်ပတ်သက်သော ဥပဒေကြမ်း ရိုမေးနီးယားပါလီမန် ပယ်ချ

ဘူခါရက်　မတ်　၂

ဂမ္ဘီရပညာရှင်များနှင့် ပတ်သက်သည့် မလိုလားအပ်သော ဆိုးကျိုးများကို တားဆီးရန် ရည်ရွယ်သော ဥပဒေကြမ်းတစ်ရပ်ကို ရိုမေးနီးယားလွှတ်တော်အမတ်များက မတ် ၁ ရက်တွင် ကန့်ကွက်မဲပေးပယ်ဖျက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဥပဒေကြမ်းသည် ဂမ္ဘီရပညာရှင်ဆိုသူများက လူအများကို လိမ်လည်လှည့်ဖြားခြင်းမပြုနိုင်ရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ကြောင်း ဥပဒေကြမ်းစတင်ရေးဆွဲရာတွင် ပါဝင်သူ လွှတ်တော်အမတ်တစ်ဦးက ဆိုသည်။

ယင်းဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါက ဗေဒင်ပညာရှင်များနှင့် အကြားအမြင်ဆရာများသည် ၎င်းတို့၏ လုပ်ငန်းအတွက် ခွင့်ပြုမိန့်ရယူရခြင်း၊ အခွန်ဆောင်ရခြင်းနှင့် ပညာရှင်အသင်းအပင်းတစ်ရပ် ထူထောင်ရခြင်း စသည်တို့ကို လုပ်ဆောင်ရမည်ဖြစ်သည်။

ထိုဥပဒေကြမ်းသည် ရိုမေးနီးယားနိုင်ငံအတွင်းရှိ ဂမ္ဘီရပညာရှင်များကို အမျက်ဒေါသထွက်စေခဲ့ပြီး ယင်းဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်းမရှိစေရန် ဂမ္ဘီရပညာများဖြင့် တားဆီးသွားမည်ဖြစ်ကြောင်း ၎င်းဂမ္ဘီရပညာရှင်များက ကြုံးဝါးခဲ့သည်ဟု ဆိုသည်။

သို့ရာတွင် အဆိုပါဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါက ဂမ္ဘီရပညာသည်များအား တရားဝင်ရပ်တည်ခွင့်ပေးထားသည့် အခြေအနေသို့ ဆိုက်ရောက်နိုင်မှုကို ရိုမေးနီးယားအစိုးရကလည်း စိုးရိမ်နေကြောင်း သတင်းတွင်ဖော်ပြသည်။

အေအက်ဖ်ပီ။

လေယာဉ်ပုံးခွဲရန်ကြံစည်မှု ဗြိတိန်လေကြောင်းလိုင်းဝန်ထမ်း တရားစွဲခံရ

လန်ဒန်　မတ်　၂

အမေရိကန်နိုင်ငံသား အစွန်းရောက်ဘာသာရေး ခေါင်းဆောင် အန်ဝါအယ်လ်အော်လာကီနှင့် ပူးပေါင်း၍ လေယာဉ်တစ်စင်းကို ဖောက်ခွဲတိုက်ခိုက်ကာ လူရာပေါင်းများစွာ သေဆုံးစေရန် ကြံစည်အားထုတ်မှုဖြင့် ဗြိတိသျှလေကြောင်းလိုင်း ကွန်ပျူတာကျွမ်းကျင်သူတစ်ဦးကို ဗြိတိန်တရားရုံး တစ်ရုံးက ဖေဖော်ဝါရီ ၂၈ရက်က တရားစွဲဆိုခဲ့သည်။

ရာဂျစ်ကရင် အမည်ရှိ အသက် (၃၁) နှစ်အရွယ် ဘင်္ဂလားဒေ့ရှ် နိုင်ငံသား **(အပေါ်ပုံ)** ကို အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ရန် ကြံစည် အားထုတ်ရာတွင် ပါဝင်ပတ်သက်မှုလေးမှုဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်ရန်ကြံစည်မှုများ၌ ပါဝင်ပတ်သက်ခဲ့ကြောင်း ဝန်ခံထားပြီးဖြစ်သော်လည်း ဗြိတိန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ပြုလုပ်ရန် ကြံစည်ထားသည်ဟူသော စွပ်စွဲချက်ကို ရာဂျစ်ကရင်က ငြင်းပယ်ခဲ့သည်။

ရာဂျစ်ကရင်သည် အယ်လ်အော်လာကီနှင့် ပူးပေါင်း၍ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရေးအတွက် ၎င်း၏ ရာထူးဌာနန္တရကို ခုတုံးလုပ်ခဲ့ကြောင်း တရားသူကြီးများကဆိုသည်။ အန်ဝါအယ်လ်အော်လာကီသည် အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်နှင့် ဆက်စပ်မှုရှိသော အစွန်းရောက် ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်ပြီး ယီမင်နိုင်ငံ၌ ပုန်းအောင်းနေကြောင်း ယူဆရသည်။

အေပီ။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက်　မတ်　၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး မတ် ၂ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၅၁၁၈ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၆၇၀၀ ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၅၁၁၈ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၆၇၀၀ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး　မတ်　၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး မတ် ၂ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၆၇၉ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၁၀၀၉ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၆၇၉ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၀၀၉ ဦး

အင်တာနက်။

စစ်တွေမြို့ ရေနက်ဆိပ်ကမ်း တည်ဆောက်နေမှု တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများအား တွေ့ဆုံ၍ ကျောင်းသား၊ ကျောင်းသူများ အောင်ချက်မြင့်မားပြီး ကိုယ်ကျင့်ကောင်းမွန်စွာ စာမေးပွဲဖြေဆိုနိုင်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကာ အခမ်းအနားတက်ရောက်လာကြသည့် ကြီးကြပ်ရေးမှူးများအား ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် စစ်တွေမြို့ ကမ်းနားလမ်းရှိ ကုလားတန်မြစ်ကြောင်းအတွင်း တည်ဆောက်လျက်ရှိသည့် ရေနက်ဆိပ်ကမ်း၌ ကျောက်တုံးများ ဆယ်ဖို့နေမှုနှင့် ရေလိုင်းကာများတည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ စစ်တွေမြို့ မြို့ပတ်လမ်းနှင့် လမ်းမကြီးတစ်လျှောက် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ အဝေးပြေးလမ်းနှင့် တံတားများ၏ ကြံ့ခိုင်မှုတို့ကို လည်းကောင်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းတစ်လျှောက် မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် စံမတီးချောင်းတံတား ဆောက်လုပ်နေမှုကိုလည်းကောင်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင် ကားလမ်းတစ်လျှောက် မြေသားလမ်းခင်းကျင်းပြီးစီးနေမှုနှင့် ကျောက်များစုပုံထားရှိမှုတို့ကိုလည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့နယ် လက်ဝဲစာတိုင်ကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဖွင့်လှစ်

ရန်ကုန် မတ် ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဘဏ္ဍာရေးစည်းမျဉ်းအထူးသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၈နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ညွှန်ကြားရေးမှူးချုပ်သည် သင်တန်းများ၏ အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ယခုဖွင့်လှစ်သည့် ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ်(၂၃)သို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သင်တန်းသူ ၂၀၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသူ ၁၀ဦး၊ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသူ ၂၀၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၁၅ ဦး စုစုပေါင်း ၆၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့် ကုသသောစနစ် ဆေးတိုက်ကျွေးသူများအတွက် သင်တန်းဖွင့်

ရန်ကုန် မတ် ၂

ကျောင်းကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး ကျင်းပသော တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကုသသော စနစ်ဖြင့် ဆေးတိုက်ကျွေးသူများအတွက် သင်တန်း (DOTS PROVIDER TRAINING) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဒေါ်သန်းတင်ခန်းမ၌ ကျင်းပရာ ကျေးရွာ ၂၇ရွာမှ သင်တန်းသား ၅၆ ဦး တက်ရောက်ကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက သင်တန်းပို့ချပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် ယင်းကျောင်း ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ဆုရရှိသူ စတုတ္ထတန်း (A-3)မှ မအေဂျူကိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီခိုင် ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အကြိုအခြေခံမီးသတ် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၂

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မီးဘေးတားဆီးကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ဒဂုံအရှေ့စက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီတို့မှ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်းဖွင့်လှစ်သည့် အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၁/၂၀၁၁) ဆင်းပွဲကို ဖေဖော်ဝါရီ ၂၅ရက်က ဒဂုံအရှေ့စက်မှုမြို့ (ကနောင်ခန်းမ)၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေးကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက တူညီဝတ်စုံနှင့် သင်တန်းထူးချွန်ဆုများချီးမြှင့်ခဲ့သည်။

သင်တန်းသို့ ဒဂုံအရှေ့စက်မှုမြို့မှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၅၃ ဦးနှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှ ၄၇ ဦး စုစုပေါင်းသင်တန်းသား ၁၀၀ တက်ရောက်ခဲ့ပြီး သင်တန်းမှ ထူးချွန်သူများအား တာဝန်ရှိသူများနှင့် စက်မှုဇုန်ဥက္ကဋ္ဌ ဦးနေဝင်းဆွေတို့က ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

ISO 9001: 2008 Certificate မြပန်ဝါကုမ္ပဏီလီမိတက်သို့ ပေးအပ်ချီးမြှင့်

ရန်ကုန် မတ် ၂

Global Group (UK) မှ မြပန်ဝါကုမ္ပဏီလီမိတက်သို့ ISO 9001: 2008 Certificate ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြပန်ဝါကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။ ထို့နောက် Global Group (UK) ကိုယ်စား Global Group (Myanmar) မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူဝင်းက ISO 9001: 2008 Certificate နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြပန်ဝါကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်ထံ ISO 9001: 2008 Certificate ကို ပေးအပ်သည်။ **(အပေါ်ယာပုံ)** ဆက်လက်၍ မန်နေဂျင်း ဒါရိုက်တာ ဒေါ်ဖြူဖြူဝင်းက IQA Certificateများကို မြပန်ဝါကုမ္ပဏီဝန်ထမ်းများထံပေးအပ်သည်။ ယင်းနောက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်က ကျေးဇူးတင်စကားပြောကြားသည်။

မြပန်ဝါကုမ္ပဏီသည် စင်ထွာမီးလင်းကတ္တားအမည်ဖြင့် စက်ရုံ၊ အလုပ်ရုံနှင့် တန်ပိုဂိုတ်များတွင် အသုံးပြုသော ကတ္တားများ၊ ပွဲရုံနှင့် ကုန်စည်ဒိုင်များတွင် အသုံးပြုသော ဒစ်ဂျစ်တယ်ချိန်ခွင်နှင့် ရတနာလုပ်ငန်းများတွင် အသုံးပြုသော AD အမှတ်တံဆိပ်ရွှေချိန်စက်တို့ကို ဖြန့်ချိလျက်ရှိသည်။ ယခုအခါ ISO 17025 ဓာတ်ခွဲခန်းတွင် စံတိုက်ထားသော စံအလေးချိန်များနှင့် အလေးကတ္တားများကို စံတိုက်ပေးနိုင်ပြီ ဖြစ်သည်။ ISO 17025 လက်မှတ်ရစံတိုက်ပေးနိုင်သည့် မြန်မာပြည်တွင် ပထမဦးဆုံး ကုမ္ပဏီဖြစ်သည်။ ထို့အပြင် ယုဇန BOT လမ်းပိုင်းဖြစ်သော ရမည်းသင်း ငွေကောက်ခံရေးစခန်း၏ တန်ပိုကတ္တားနှင့် ကွန်ပျူတာငွေကောက်ခံရေးစနစ်များ၊ ရန်ကုန်-မန္တလေး အမြန်လမ်း၏ ငွေကောက်ခံရေးစခန်းများရှိ ငွေကောက်ခံရေးစနစ်များနှင့် တန်ပိုကတ္တားများကိုလည်း မြပန်ဝါကုမ္ပဏီလီမိတက်မှ တပ်ဆင်ပေးပြီးဖြစ်သည်။

ဆက်သွယ်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များသည် အမှတ်(၃၀) (B) သီရိမွန် (၉)လမ်း သီရိမွန်အိမ်ရာ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၈၀၈၂၁ နှင့် ၇၂၇၃၇၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြို့သာယာလှပရေး ဆောင်ရွက်

ပူတာအို မတ် ၂

ပူတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မြို့သာယာလှပရေး လုပ်ငန်းနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဂွန်စယ်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရေဆင်းဈေး၌ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

နေပြည်တော် မတ် ၂

မီးသတ်ဦးစီးဌာန၏ ညွှန်ကြားမှုအရ ဇေယျာသီရိမြို့နယ် ရေဆင်းဈေး မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၁၀နာရီတွင် ကျင်းပရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ပုဗ္ဗသီရိမြို့နယ် ဌာနခွဲမှူး ဦးအောင်ဇော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးကျော်ကျော်နှင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်သူရကျော်တို့ ပါဝင်သောအဖွဲ့သည် မီးသတ်ယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့ဖြင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဆောင်ရွက်ကြပြီး ဈေးအတွင်းစည်းကမ်းချက်နှင့်အညီ မီးသုံးစွဲမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၃) ယာဉ်ထိန်း နယ်မြေမှူး ဒုတိယရဲမှူးမြင့်အောင်နှင့် အဖွဲ့ ဖေဖော်ဝါရီ ၂၄ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် Smart Technical Service Co.,Ltd.မှ ကုမ္ပဏီဝန်ထမ်းများနှင့် ယာဉ်မောင်း ၄၂ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဟောပြောစဉ်။

(ယာဉ်စည်းကမ်း)

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။

(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။

(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။

(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။

(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

ဝေရွှန်းစန္ဒာလရောင်ပြာ၊ မြူတိမ်ကင်းတဲ့ ညောင်ပင်သာ

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

ညောင်ပင်သာ ဘုန်းတော်ကြီးကျောင်းရဲ့ ‘ရတနာဘုံညွန့်’ ကျောင်းတော်ကြီးအတွင်းမှာ လူအုပ်ကြီးက ဖွေးဖွေးလှုပ် စည်ကားလှုပ်ရှားလို့နေပါတယ်။ အဲဒီအချိန်မှာပဲ ရွှေသောင်ရွာသား ဘိုးစံရင်တစ်ယောက် တက်ကြွသွက်လက်တဲ့ ခြေလှမ်းတွေနဲ့ ကျောင်းထဲကို ဝင်လာခဲ့ပါတယ်။ ဒီကနေ့ဟာ အသက်(၈၀)ရှိပြီဖြစ်တဲ့ ဘိုးစံရင်အတွက် အမြင်သစ်၊ ဘဝသစ်ကို ပြန်ရတဲ့နေ့လို့ ဆိုရမှာပါ။ ကျောင်းအဝကနေ ရွှေရောင်အဆင်းနဲ့ တင့်တယ်လှပတဲ့ ကျောင်းတော်ကြီးကို တမေ့တမော ငေးကြည့်နေမိပြီး “သြော်. . . အလင်းရဲ့တန်ဖိုးကဖြင့် အံ့မခန်းပါလားကွယ်ရို့”လို့ တီးတိုး မြည်တမ်းလိုက်မိပါတယ်။

ကျောင်းတော်ကြီးထဲမှာတော့ ဘိုးစံရင်တို့လို မျက်စိခွဲစိတ်ပြီးတဲ့သူတွေနဲ့ လူနာရှင်တွေရဲ့ အသံတွေက အုန်းအုန်းကျွက်ကျွက်ဆူညံလို့ နေပါတယ်။ မကြာခင်မှာပဲ အောင်ပွဲအခမ်းအနားကြီး စတင်ပါတော့တယ်။ တာဝန်ရှိသူတွေရဲ့ ကျေးဇူးတင်စကား၊ မျက်စိခွဲစိတ်ပြီးနောက် ဆောင်ရန်၊ ရှောင်ရန်၊ ပညာပေးစကားတွေပြောပြီးတဲ့နောက်မှာ မျက်စိဝေဒနာရှင်အားလုံးရဲ့ကိုယ်စား အသက်(၈၀)အရွယ်မှ မျက်စိအလင်းပြန်ရခဲ့တဲ့ ဘိုးစံရင်ကပဲ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်စကား ဆိုခဲ့ပါတယ်။ “ဟိုအရင်ခေတ်တွေကတော့ ဘိုးစံရင်တို့ ကျေးလက်ဒေသတွေမှာ ဆရာဝန်ဆိုရင် ချောင်းတောင်ကြည့်ရတဲ့ဘဝ။ အခုတော့ ရန်ကုန်မြို့က ပါမောက္ခအထူးကု ဆရာဝန်ကြီးတွေကိုယ်တိုင် အဘိုးတို့ ခေါင်းကို တယုတယကိုင်ပြီး ခွဲစိတ်ကုသပေးတာ ခံခဲ့ရတော့ ဝမ်းသာလွန်းလို့ ဒီအကြောင်းတွေကဖြင့် တကယ့်ကို အပြောမဟုတ် ဒိဋ္ဌဝေဒနိယ. . . ငထင် ကိုယ်တွေ့ပါ” လို့ လှိုက်လှိုက်လှဲလှဲ ပြောပစ်လိုက်မိတယ်။ “မျက်စိကြောင့် ဘဝပျက်သလို ဖြစ်နေခဲ့ရာက အခုတော့ အဘိုးတို့ဘဝတွေ အညွန့်တလူလူတက်ပြီဟေ့လို့ ကြုံးဝါးရင်း အဘိုးအသက်ရှင်နေသရွေ့ တရားဓမ္မနဲ့ နေနိုင်သွားပြီ။ အဘိုးတို့ရဲ့ ဘဝနေဝင်ချိန်ကို လင်းလက်လှပစွာ ကုန်ဆုံးစေတော့မှာပါ”လို့ ပြောလိုက်တဲ့အခါ အားလုံးရဲ့ သာဓုခေါ်လိုက်ကြသံတွေက ဘဝဂ်ထိအောင် ညံလို့သွားပါတော့တယ်။

တကယ်တော့ ညောင်ပင်သာရွာလေးဟာ အိမ်ခြေ ၁၇၀၀ခန့်ရှိပြီး အင်္ဂပူမြို့နယ် ညောင်ကျိုးတိုက်နယ်အတွင်းမှာ တည်ရှိပါတယ်။ ဧရာဝတီရဲ့ မြစ်လက်တက်ဖြစ်တဲ့ ငဝန်မြစ် အနောက်ဘက်ကမ်းမှာတည်ရှိပြီး “ဥဩညောင်တည်” ဆိုတဲ့အတိုင်း ၁၁၃၀ခုနှစ်မှာ ရွာကိုတည်ခဲ့ပြီး တည်စမှာ ညောင်ပင်ကိုးပင်ရှိခဲ့ပါတယ်။ အဲဒီခေတ်က ရွာသူရွာသားတွေက ကိုးကွယ်ခဲ့ကြလို့ ညောင်ကိုးလို့ခေါ်တွင်ခဲ့ရာမှ အလောင်းစည်သူမင်း လက်ထက်မှာ ညောင်ကျိုးလို့ ပြောင်းလဲခေါ်တွင်ခဲ့တယ်လို့ ဆိုပါတယ်။ ငဝန်မြစ်ရေ တိုက်စားမှုကြောင့် ညောင်ကျိုးရွာမှာ တိုက်ဖက်ညောင်ကျိုးနဲ့ အကျောညောင်ကျိုး ဆိုပြီး ကွဲသွားခဲ့ရာက အနောက်ဘက်အရပ်မှာ ညောင်ပင်တွေ ထူထပ်သာယာစွာ ပေါက်နေလို့ ညောင်ပင်သာရယ်လို့ အမည်တွင်ခဲ့တာဖြစ်ပါတယ်။ အရင်တုန်းကတော့ ညောင်ကျိုးဒေသဟာ ပထဝီအနေအထားအရ ခရီးလမ်းပန်းကြမ်းတမ်းခဲ့ပေမယ့် ယနေ့အခြေအနေမှာ ညောင်ကျိုးဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စည်ပင်လို့နေပါပြီ။ ပဲ၊ ပြောင်း၊ စပါး၊ ငရုတ်၊ ဆေး၊ သီးထပ်၊ သီးညှပ်နဲ့ ကိုင်းသီးနှံတို့ စိုက်ပျိုးဖြစ်ထွန်းရာ စီးပွားရေးဖွံ့ဖြိုးတဲ့ ဆိပ်ကမ်းရွာကြီး တစ်ရွာဖြစ်နေတာကို တွေ့ရှိခဲ့ရပါတယ်။ ညောင်ပင်သာရွာကိုရောက်ဖို့ ပုသိမ်-မုံရွာလမ်းက သွားမယ်ဆိုရင် ရန်ကုန်ကနေ ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်း၊ အသုတ်၊ ရေကြည်၊ ငသိုင်းချောင်း၊ ကွင်းကောက်တို့ကိုဖြတ်ပြီးမှ အင်္ဂပူကိုရောက်ပါတယ်။ အင်္ဂပူကနေမှ ၁၄မိုင်လောက် မောင်းလာတဲ့အခါ ညောင်ကျိုးရွာကို ရောက်ရှိခဲ့ပါတယ်။ ရန်ကုန်-ဟင်္သာတလမ်းက သွားမယ်ဆိုရင်တော့ စကြော့၊ ဓနုဖြူ၊ ဇလွန်၊ ဟင်္သာတ၊ မြို့ကွင်းကိုဖြတ်ပြီး အင်္ဂပူကိုရောက်ပါတယ်။ အခုဆိုရင် ရန်ကုန်ကနေ ညောင်ကျိုးအထိ ဇာတိမြေကားတွေက တိုက်ရိုက်ပြေးဆွဲနေတာမို့ နေ့ချင်းညချင်း ခရီးပေါက်နိုင်ကြပြီဖြစ်ပါတယ်။

ဒီခရီးစဉ်စတင်ခဲ့တဲ့ အကြောင်းရင်းကို ပြောရမယ်ဆိုရင်တော့ ၈-၁-၂၀၁၁ရက်နေ့မှာ ရတနာဘုံညွန့်ကျောင်းတော်ကြီး ရေစက်ချအခမ်းအနား ကျင်းပစဉ်မှာပဲ ညောင်ကျိုးဇာတိသား မြို့မိမြို့ဖတွေ၊ တာဝန်ရှိသူတွေနဲ့ ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့ တိုင်ပင်ခဲ့ကြပြီး ညောင်ကျိုးဒေသအတွင်းမှာ ရှိတဲ့ ပြည်သူလူထုတွေကိုမျက်စိအခမဲ့ ခွဲစိတ်ကုသမှု အလှူတော်ပြုလုပ်ပေးဖို့ စီစဉ်ခဲ့ကြတာဖြစ်ပါတယ်။ ဒါနဲ့ပဲ ၁၅-၁-၂၀၁၁ရက်နေ့မှာ ဒေါက်တာဒေါ်ခင်ဆန်းနွယ်နဲ့ ကျွန်မဟာညောင်ကျိုးဒေသကို ကြိုတင်သွားရောက်ခဲ့ပြီး တိုက်နယ်ဆေးရုံရဲ့အနေအထား၊ ကျေးရွာရဲ့အခြေအနေ၊ ပြင်ပလူနာ လက်ခံကြည့်ရှုမယ့်နေရာ စတာတွေကို သေချာရွေးချယ်ခဲ့ကြပါတယ်။ အထူးသဖြင့် ဆေးရုံရဲ့ ခွဲစိတ်ခန်းကို စံချိန်စံညွှန်းနဲ့ ကိုက်ညီဖို့ တိုက်နယ်ဆရာဝန် ဒေါက်တာမျိုးကျော်အောင်နဲ့ ရပ်မိရပ်ဖတာဝန်ရှိသူတွေ အတူပူးပေါင်းပြီး စီစဉ်ဆောင်ရွက်ခဲ့ကြပါတယ်။ Sterilization ဆိုတဲ့ ခွဲစိတ်ခန်း ပိုးသတ်ခြင်းကို ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ ကျွမ်းကျင်ဝန်ထမ်း တစ်ဦးကိုစေလွှတ်ပြီး ခွဲစိတ်မှုရာခိုင်နှုန်းပြည့် အောင်မြင်နိုင်စေဖို့ စိတ်တိုင်းကျစီစဉ်စေခဲ့ပါတယ်။

ဒီလိုနဲ့ ၂၃-၁-၂၀၁၁ ရက်နေ့မှာ ရန်ကုန်မြို့မှ ပါမောက္ခဒေါက်တာဦးတင်ဝင်း ဦးဆောင်တဲ့ ကျွန်မတို့အဖွဲ့ဟာ ဆရာဝန် ၁၆ ဦး၊ ဆရာမ ၁၂ ဦး လိုက်ပါပြီးတော့ ညောင်ကျိုးကျေးရွာဆီကို ခရီးနှင်ခဲ့ကြပါတော့တယ်။ ည ၇နာရီခွဲအချိန်မှာ ညောင်ပင်သာ ဘုန်းတော်ကြီးကျောင်းကို ရောက်ရှိခဲ့တဲ့အခါ အိုးစည်ဗုံမောင်းတွေနဲ့ ပျော်ရွှင်စွာကခုန်ကြိုဆိုနေကြတဲ့ ရွာသူရွာသားတွေ၊ ရပ်မိရပ်ဖ၊ တာဝန်ရှိသူတွေနဲ့အတူ လာရောက်ပြသကြတဲ့ လူနာတွေအားလုံး စုဝေးရောက်ရှိနေကြတာကြောင့် မီးရောင်စုံထိန်ထိန်လင်းနေတဲ့ ကျောင်းတော်ကြီးဟာ အလှူပွဲကြီးကျင်းပနေသလို ခြိမ့်ခြိမ့်သဲသဲ ဖြစ်နေခဲ့ပါတယ်။

တကယ်တော့ ပြီးခဲ့တဲ့နှစ်တွေက ညောင်ကျိုးနယ်အတွင်းမှာ ပထမအကြိမ် မျက်စိခွဲစိတ်မှု အစီအစဉ်ပြုလုပ်ခဲ့ပြီးဖြစ်ပေမယ့် အတွင်းတိမ်လူနာ ၂၀၀ ကျော်က ခွဲစိတ်ဖို့ ကျန်ရှိနေတယ်လို့ ဆိုပါတယ်။ ဒါနဲ့ပဲ ကျွန်မတို့အားလုံးလည်း ရောက်ရောက်ချင်း မနားကြတော့ပဲ အမျိုးသမီးဆရာဝန်တွေက အသင့်ရောက်ရှိနေကြတဲ့ လူနာ ၂၀၀ ကျော်ကို ကျောင်းကြီးရဲ့ အောက်ထပ်မှာ ခုံတန်းရှည်တွေနဲ့ တန်းစီထိုင်ခိုင်းထားပြီး အမှန်တကယ်ခွဲစိတ်သင့်တဲ့ လူနာတွေကို ပြန်လည်ရွေးချယ်စိစစ်ကြပါတယ်။ အမျိုးသားဆရာဝန်တွေနဲ့ ဆရာမတွေက ဆေးရုံခွဲစိတ်ခန်းထဲမှာ မိုက်ခရိုစကုပ်တွေပြင်ဆင်ဖို့ ဆေးရုံရှိရာကို သွားကြပါတယ်။ ညောင်ကျိုးတိုက်နယ်ဆေးရုံဝန်ထမ်းတွေက ကျွန်မတို့ ရွေးချယ်ပေးတဲ့ လူနာတွေကို ဆီးချို၊ သွေးတိုးနဲ့ တခြားရောဂါတွေရှိ၊ မရှိ စစ်ဆေးပြီး နောက်တစ်နေ့မနက် ခွဲစိတ်ဖို့ အသင့်ပြင်ဆင်ထားခဲ့ပါတယ်။

၂၄-၁-၂၀၁၁ ရက်နေ့ မနက်မှာတော့ ခွဲစိတ်ခုတင် ၁၀ ခုတင် ပြင်ဆင်ပြီးဖြစ်လို့ ဆရာဝန် ၁၀ဦးက လူနာ ၁၀ ဦးကို တစ်ပြိုင်တည်း ခွဲပေးနိုင်ခဲ့ကြပါတယ်။ ညောင်ပင်သာ ဘုန်းကြီးကျောင်းဝင်းထဲမှာလည်း ပြင်ပလူနာဌာနဖွင့်ပြီး ကြည့်နေကြတဲ့ မြင်ကွင်းက အုတ်အော်သောင်းတင်းဖြစ်နေပေမယ့် စနစ်တကျရှိနေပါတယ်။ ခွဲစိတ်ရမယ်လို့ ဆုံးဖြတ်ခံရတဲ့လူနာတွေကို ဒေသခံရပ်မိရပ်ဖတွေ၊ NGO အဖွဲ့ဝင်တွေက ဆေးရုံခွဲခန်းဆီကို အရောက်ပို့ပေးကြပါတယ်။ ခွဲစိတ်ဖို့ မလိုတဲ့သူတွေကိုတော့ မျက်စဉ်း၊ စားဆေးနဲ့ ပါဝါမျက်မှန်တွေ ပေးလှူခဲ့ကြပါတယ်။ နှစ်ရက်အတွင်းမှာပဲ လူနာပေါင်း ၂၂၆၀ကို ကြည့်ရှုစစ်ဆေးပေးခဲ့ပြီး အတွင်းတိမ်လူနာ ၃၇၃ဦးကို အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့ကြပါတယ်။ ကျွန်မတို့ သွားခဲ့ဖူးတဲ့ တခြားဒေသတွေနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ အရေအတွက်နည်းတယ်လို့ ထင်ရပေမယ့် တိုက်နယ်ဆေးရုံတစ်ခုရဲ့ အနေအထားနဲ့ ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ပြည်သူလူထုအတိုင်းအတာနဲ့ ကြည့်မယ်ဆိုရင်တော့ ဒီခရီးစဉ်ဟာ အတိုင်းထက်အလွန် အောင်မြင်တယ်လို့ဆိုရမှာပါ။ လာပြတဲ့လူနာတွေက အင်္ဂပူမြို့နယ်အတွင်းက ကျေးရွာအုပ်စုတွေနဲ့ ညောင်ကျိုးတိုက်နယ်အတွင်းက ကျေးရွာ ရှစ်အုပ်စုသာမက မြန်အောင်နဲ့ ကြံခင်းကြားက ရွှေကျင်ရွာ၊ ကနောင်ရွာ၊ ပဲခူးတိုင်းဒေသကြီးအတွင်းက ညောင်ခြေထောက်၊ ထိန်တော၊ မိုးညိုရွာတွေကပါလာရောက်ပြီး ပြသတာကို တွေ့ရပါတယ်။

ဒီလိုနဲ့ ၂၅-၁-၂၀၁၁ရက်နေ့မှာ ခွဲစိတ်ကုသမှုတွေအားလုံး အောင်မြင်စွာပြီးစီးခဲ့ရပြီဖြစ်တာမို့ ၂၅ ရက်နေ့ရဲ့ ညနေ နေဝင်ဖျိုးဖျအချိန်မှာ ဧရာဝတီနဲ့ ငဝန်မြစ်ဆုံတဲ့ မြစ်ဆုံဆီကို မော်တော်ဘုတ်ကလေးတွေ စီးပြီးသွားခဲ့ကြပါတယ်။ ကြည်လင်စိမ်းမြနေတဲ့ ရေပြင်ကိုထိုးခွဲပြီး ရေမှုန်ရေပန်းတွေ တဖွားဖွားကြားမှာ ပြေးလွှားနေတဲ့ မော်တော်ဘုတ်ရဲ့ထိပ်ဦးမှာထိုင်ရင်း အေးမြလတ်ဆတ်တဲ့ လေပြည်လေညင်းကို အားပါးတရ ရှူရှိုက်ရတဲ့အခါ ကျွန်မ စိတ်တွေပေါ့ပါးကြည်လင်သွားခဲ့ရပါတယ်။ ငဝန်မြစ်ရေပြင်ကျယ်ရဲ့ ဘေးတစ်ဖက်တစ်ချက် မြေနုကျွန်းတွေပေါ်မှာ သီးနှံမျိုးစုံနဲ့ ကိုင်းပင်၊ ပဲပင်တွေက စိမ်းစိုယိမ်းနွဲ့နေကြတာ မြင်ရတော့ သဘာဝတရားရဲ့ ပြုပြင်ပြောင်းလဲမှုအပေါ်မှာလိုက်ပြီး အသိဉာဏ်ရှိတဲ့ လူသားတွေရဲ့ လိုက်လျောညီထွေစွာ အကျိုးရှိရှိအသုံးချတတ်တဲ့ သဘာဝကို သရုပ်ခွဲကြည့်နေမိပါတယ်။

တဖြည်းဖြည်းနဲ့ နေမင်းကြီးကတော့ သဲသောင်ပြင်လွှလွှမှာ မေးတင်စပြုခဲ့ပါပြီ။ တစ်နေ့တာ တာဝန်တွေပြီးဆုံးပြီမို့ လိမ္မော်ရောင်တောက်ပတဲ့ အလင်းတွေနဲ့ ကမ္ဘာလောကကြီးကို နှုတ်ဆက်လက်ပြရင်း ငဝန်ဧရာကြားက သဲသောင်ပြင်အောက်ဆီကို ငုပ်လျှိုးပျောက်ကွယ်သွားခဲ့ပါပြီ။ ကျွန်မကတော့ ကောင်းကင်ရယ်၊ရေပြင်ရယ်နှစ်ခုဆုံနေတဲ့ ဟိုးအဝေးက မိုးကုပ်စက်ဝိုင်းကို ငေးမောကြည့်ရင်း အတွေးနယ်ချဲ့နေမိပြန်ပါတယ်။

“အစ်မရေ--- ဒီဒေသက လူတွေက ဇာတိမြေကို ချစ်ခင်တွယ်တာကြတယ်။ လောဘလည်းနည်းကြတယ်။ ဒီဒေသမှာ နေရတာ သိပ်ကိုအေးချမ်းလွန်းလှပါတယ်”လို့ အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်က ဆိုတော့ “ကျွန်မတို့အားလုံးလည်း ဒီရွာလေးကို လာရတာ စိတ်ချမ်းမြေ့ခဲ့ရပါတယ်။ ဒီရွာမှာ မွေးဖွားကြီးပြင်းခဲ့ဖူးတဲ့ ဇာတိစွဲစိတ်ကြီးသူတွေရဲ့ ကိုယ့်ရဲ့ရပ်ရွာအပေါ် ပြန်လည်အကျိုးပြုနေတာတွေနဲ့အတူ ရပ်မိရပ်ဖတွေ၊ ရွာခံပြည်သူလူထုနဲ့ တိုက်နယ်ဆေးရုံဝန်ထမ်းတွေအားလုံး စည်းချက်ညီညီနဲ့ အတူလက်တွဲပြီး လှုပ်ရှားဆောင်ရွက်ခဲ့ကြတာမို့ အခက်အခဲဆိုလို့ မြူတစ်မှုန်မျှ မတွေ့ခဲ့ရသလို ဘုရားရိပ်၊ တရားရိပ်မှာ တည်းခိုနေထိုင်ခဲ့ရတာကိုကဘာနဲ့မှ မတူတဲ့ ငြိမ်းချမ်းမှုပါပဲ” လို့ပြန်ပြောခဲ့မိပါတယ်။ သူတို့အားလုံးရဲ့ ဂရုစိုက်မှုနဲ့ယှဉ်ရင် ကျွန်မတို့ပေးဆပ်ခဲ့ရတာက ဘာမှမဖြစ်လောက်ပါဘူးလို့လဲ အားမလိုအားမရ ဖြစ်ခဲ့ရပါတယ်။ ဒါတင်မကပါဘူး။ ၂၆-၁-၂၀၁၁ရက်နေ့မှာ ရန်ကုန်မြို့ကို ပြန်ရင်းနဲ့ ငွေဆောင်ကမ်းခြေဆီကို ပို့ဆောင်ပေးခဲ့ပါသေးတယ်။ ရွှေဟင်္သာဟိုတယ်မှာ မီးပုံပွဲညကို ကျင်းပပေးခဲ့တော့ သီချင်းတွေဆိုကြ၊ ကမ်းခြေမှာ ဆော့ကစားကြနဲ့ အနားယူ ပျော်ရွှင်ခဲ့ရတာဟာ တစ်သက် မမေ့နိုင်စရာပါဘဲ။

မီးပုံပွဲည ဝင်းဝင်းပပသာနေတဲ့ ဖိုးလမင်းကြီးရဲ့ အလင်းဓာတ်အောက်မှာ ပင်လယ်ပြင်ကြီးကဖြင့် ငွေရောင်၊ ဘော်ရောင်၊ စိန်ရောင်တဖျပ်ဖျပ်လက်လို့ လှချင်တိုင်းလှနေတော့တာပါပဲ။ ကမ်းစပ်ကို ရေလှိုင်းတွေက တလိမ့်လိမ့်တက်လာတော့ ခရုခွံလေးတွေက သဲသောင်ပြင်မှာ တင်ကျန်ရစ်ခဲ့ကြတယ်။ ကောင်းကင်ရယ်၊ လမင်းရယ်၊ ပင်လယ်ပြင်ကြီးရယ်၊ ကျွန်မတို့အားလုံးရယ် အလှမ်းတွေဝေးကွာလွန်းလှပေမယ့် ကျွန်မတို့အားလုံးရဲ့ ကိုယ်ပိုင်အစွမ်းတွေ၊ ကိုယ်တတ်နိုင်သမျှ အားအင်တွေနဲ့ လောကအလင်းကို ဖန်ဆင်းပေးနိုင်ခဲ့ကြတာတွေကတော့ အတူတူပါပဲလို့ တွေးရင်း ကျေနပ်အားရနေမိပြန်တယ်။

ဒီတော့လည်း ကျွန်မတို့ကို တာဝန်ပေးစေလွှတ်ခဲ့တဲ့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခဒေါက်တာကျော်မြင့်၊ ညောင်ပင်သာဘုန်းတော်ကြီးကျောင်းဆရာတော်ကြီး ဦးဉာဏုတ္တရနဲ့ တိုက်အုပ်ဆရာတော် ဦးသုစိတ္တ၊ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေ၊ အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်၊ ဟင်္သာတဆေးရုံအုပ်ကြီး ဒေါက်တာနွယ်နွယ်ဝင်း၊ ညောင်ကျိုးတိုက်နယ်ဆေးရုံမှ ဒေါက်တာမျိုးကျော်အောင်၊ ဇာတိမြေကားပိုင်ရှင် ဦးသိန်းဝင်း၊ ငွေဆောင်ကမ်းခြေ ရွှေဟင်္သာဟိုတယ်မှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိရပါတယ်။

ဒီလိုနဲ့ပဲ ၂၇-၁-၂၀၁၁ရက်နေ့မှာ ကျွန်မတို့ ပြန်ခဲ့ကြပါတယ်။ လမင်းရဲ့ အလင်းရိပ်အောက်မှာ ညောင်ကျိုးဒေသတစ်ခုလုံး ငြိမ်းချမ်းအေးမြလို့ ကျန်ရစ်ခဲ့ပါပြီ။ စက္ခုအလင်းတွေကိုပါ လင်းလက်ဝေဖြာခဲ့ပြီဖြစ်တဲ့ ညောင်ပင်သာရွာလေးနဲ့ ပြည်သူတွေအားလုံးကိုဖြင့် လမင်းကိုပြန်ရရှိတဲ့ ညလေးတွေနဲ့အတူ ယှဉ်တွဲပြီး အမြဲထာဝရ သတိရနေမိမှာ အမှန်ပဲ ဖြစ်ပါတော့တယ်။ ။

> **ကောင်းကင်ရယ်၊ လမင်းရယ်၊ ပင်လယ်ပြင်ကြီးရယ်၊ ကျွန်မတို့အားလုံးရယ် အလှမ်းတွေဝေးကွာလွန်းလှပေမယ့် ကျွန်မတို့အားလုံးရဲ့ ကိုယ်ပိုင်အစွမ်းတွေ၊ ကိုယ်တတ်နိုင်သမျှ အားအင်တွေနဲ့ လောကအလင်းကို ဖန်ဆင်းပေးနိုင်ခဲ့ကြတာတွေကတော့ အတူတူပါပဲ။**

ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း ဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဖေဖော်ဝါရီ ၂၆ ရက် ညပိုင်းတွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်နေသော ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် ပင်မတမံမြေသားဖို့ခြင်း၊ ကြိတ်ခြင်းလုပ်ငန်းများ၊ ရေပိုလွှဲကွန်ကရစ်လောင်းခြင်းလုပ်ငန်းများနှင့် Power House တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၇ နာရီတွင် ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ ညွှန်ကြားရေးမှူး ဦးခင်မောင်က ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ရေလှောင်တမံနှင့်ဆက်နွှယ်သော လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးများသော စီမံကိန်းဖြစ်၍ အရည်အချင်းပြည့်မီစွာဖြင့် သတ်မှတ်ကာလထက်စော၍ ပြီးစီးနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပင်မတမံပြီးစီးမှုအပိုင်း၊ Power House တွင် Spiral နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်နေမှု၊ အမြင့်ရှုရပ်မှနေ၍ ပင်မတမံမြေသားဖို့ခြင်း၊ ရေယူအဆောက်အအုံ Power Intake တည်ဆောက်နေမှု၊ Power House တည်ဆောက်နေမှု၊ ချောင်းပိုင်းမြေသားဖို့ရန် ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ရေယူအဆောက်အအုံ Power Intake ပေါ်မှနေ၍ ပင်မတမံမြေသားဖို့နေမှု၊ ကျောက်များစီနေမှုနှင့် ရေပိုလွှဲတည်ဆောက်သည့် လုပ်ငန်းခွင်၌ ကွန်ကရစ်လောင်းနေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် အလေအလွင့် နည်းပါးရေးတို့ကို ဂရုပြုဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်သည့် လုပ်ငန်းတိုင်း မှတ်တမ်းများထားရှိရေး မှာကြားသည်။

ကြီးအုံကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ တမံအလျား ပေ ၃၂၈၀၊ တမံအမြင့် ၁၆၄ ပေနှင့် သံကူကွန်ကရစ် (Ogee Type) ရေပိုလွှဲ အမျိုးအစားပါဝင်သော ဇုန်တမံအမျိုးအစား ဖြစ်ပြီး ရေဧကပေ ၄၆၃၀၀၀ သိုလှောင်ကာ လျှပ်စစ်ဓာတ် တပ်ဆင်အား ၃၇ မဂ္ဂါဝပ် စက်နှစ်လုံးတပ်ဆင်ပြီး လျှပ်စစ်ဓာတ်အား ၇၄ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းပြီးစီးပါက မုန်းချောင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်သောရေများနှင့် ရေလှောင်တမံနှစ်ခုကြားမှ စီးဆင်းသော ရေများကို စုပေါင်းသိုလှောင်၍ ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ် ထပ်မံထုတ်လုပ်နိုင်မည်ဖြစ်ပြီး မဲဇလီရေလွှဲဆည်မှတစ်ဆင့် လယ်မြေဧက ၉၆၀၀၀ ကို မိုးစပါးအတွက် ရေလုံလောက်စွာပေးနိုင်သည့်အပြင် နွေစပါးဧက ၇၄၀၀၀ အထိ ရေပေးနိုင်ကာ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပေးနိုင်မည် ဖြစ်ကြောင်းနှင့် စီမံကိန်းကို ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း လျာထားသတ်မှတ်ကာလထက် စော၍ ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မတ် ၂

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇) အမှတ်(၉)တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း ပထမအဆင့်အဆောက်အအုံများ ဇူလိုင်တွင်ဖွင့်မည်၊ အင်းစိန်မြို့နယ် အောင်ဇေယျတံတားအနီး ပေါက်ကွဲမှုဖြစ်ပွား၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း၊ ပူတာအိုလေဆိပ် တိုးချဲ့တည်ဆောက်၊ အမရပူရမြို့နယ်ကို မန္တလေး စည်ပင်သာယာနယ်နိမိတ်အတွင်း ထည့်သွင်းသတ်မှတ်၊ နွေရာသီမှာ ဘယ်ကိုအပန်းဖြေခရီးထွက်မလဲ၊ ဘုရင့်နောင် ကုန်စည် ဈေးကွက်နှင့် မန္တလေးကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ကုန်ဈေးနှုန်းနှင့် လုပ်ခ၊ လစာအကြောင်း၊ "နှလုံးသားနူးညံ့တဲ့လူမျိုးပေါ့" ဖူးဖူးမောင်နှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍများ၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ကမ္ဘာ့အကြီးဆုံးစိန်ဝါကြီး မည်သူမျှ တန်ဖိုးမဖြတ်နိုင်သေး၊ ပေကျင်းလေထုအရည်အသွေး အဆိုးရွားဆုံး အခြေအနေဆိုက်နေ၊ မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင်အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ စီးပွားရေးကဏ္ဍ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

ငါးနှစ် အာမခံပေးထားသည့် လျှပ်စစ်ရေနွေးချိုးစက်များ ဈေးကွက်၌ ဖြန့်ဖြူး

ရန်ကုန် မတ် ၂

Alpha အမှတ်တံဆိပ်နှင့် Bosston အမှတ်တံဆိပ် ရေနွေးချိုးစက်များနှင့် ရေချိုးခန်းသုံး စက်ပစ္စည်းများကို လွယ်လင့်တကူ ဆက်သွယ်ဝယ်ယူရရှိနိုင်ရန် စီမံဖြန့်ချိလျက်ရှိကြောင်း သိရသည်။

Alpha Instant Water Heater ရေနွေးချိုးစက်သည် မီးအား 3.5 KW တွင် အသုံးပြုနိုင်ကြောင်း၊ ရေကို ချက်ချင်းနွေးစေပြီး ရေပန်းခေါင်းနှင့် တစ်ပြိုင်တည်း အသုံးပြုနိုင်ကြောင်း၊ အပူအအေးကို ကောင်းစွာထိန်းချုပ်ပေးကာ လျှပ်စစ်ကို ဖြတ်တောက်ပေးသည့် စနစ်ပါရှိကြောင်း၊ ရေအရမ်းပူခြင်းကို ကာကွယ်သည့်စနစ် ပါရှိကြောင်း၊ ရေတိုင်ကီကို စက်တပ်ဆင်သည့် နေရာမှ ၁ ဒသမ ၅ မီတာအမြင့်တွင် ထားရှိအသုံးပြုနိုင်ကြောင်း၊ Heating Element ကို ငါးနှစ်အာမခံပေးထားသဖြင့် စိတ်ချမ်းမြေ့မှု အပြည့်အဝရရှိခံစားနိုင်ကြောင်း သိရသည်။

Bosston Electronic Storage Water Heater ရေနွေးချိုးစက်သည် နည်းပညာမြင့်မားသော Heating Element ကို ရွေးချယ်အသုံးပြုထားပြီး 2mm အထူရှိသည့် အကောင်းစားစတီးလ်ပလိပ်ပြား တိုင်ကီကို အသုံးပြုထားကြောင်း၊ အတွင်းပိုင်းကို သံချေးတက်ခြင်းမှ ကာကွယ်ပေးနိုင်သော စိမ်းပြာရောင် ကြွေဆေးသုတ်ထားကြောင်း၊ ရေအေးမှ ရေနွေးသို့ တိုက်ရိုက်ကူးပြောင်းနိုင်သည့်အပြင် လျှပ်စစ်လုံခြုံမှုစနစ်ကိုလည်း တပ်ဆင်ထားကြောင်း၊ အပူချိန် 25° C မှ 75° C အတွင်း လိုအပ်သလို ချိန်ညှိနိုင်ရန် "One Hand" Pilot Design Temperature Knob တပ်ဆင်ထားကြောင်း၊ စက်၏အပြင်ဘက်၌ Temperature meter တပ်ဆင်ပါရှိကြောင်း၊ CFC Free ဖြစ်ပြီး ငါးနှစ်အာမခံပေးထားကြောင်း သိရသည်။

ရေချိုးခန်းသုံး ပစ္စည်းအမျိုးအစားများတွင် အကောင်းဆုံးဖြစ်သည့် ငါးနှစ်အာမခံပေးထားသော Alpha အမှတ်တံဆိပ်နှင့် Bosston အမှတ်တံဆိပ် လျှပ်စစ်ရေနွေးချိုးစက်များနှင့် ရေချိုးခန်းသုံးပစ္စည်းများကို မတ် ၁ ရက်မှ ၇ ရက်အထိ ၂၀ ရာခိုင်နှုန်းအထက် Discount ပေးမည်ဖြစ်ပြီး နယ်ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးလိုသူများ၊ ဌာနဆိုင်ရာနှင့် ဆောက်လုပ်ရေးကုမ္ပဏီများအား အထူးအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ရာ Royal Ceramic Trading Co., Ltd. အမှတ်(၅၀) လမ်း(၃၀) အောက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၃၇၉၃ နှင့် ၂၅၀၂၉၃ တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဲခူးမြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆိုင်ခန်းသုံး မီးနှင့် လုံခြုံရေးမီးလိုင်းများ ခွဲခြားထားရှိမှု၊ လျှပ်စစ်ဝါယာကြိုးများ၊ မီးခလုတ်များ တပ်ဆင်ထားရှိမှုတို့ကို ဖေဖော်ဝါရီ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးခိုင်လျှန်းထန်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ်ဆင်းများ ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ်ကျောင်းဆင်းမောင်နှမများ၏ ပဥ္စမအကြိမ်မြောက် ဆရာကန်တော့ပွဲကို မတ် ၂၉ ရက် ညနေ ၄ နာရီတွင် ဟိုတယ်ရန်ကုန် (Hotel Yangon)၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀) ပြည့်ပြီးသော ဆရာ၊ ဆရာမများအား ကန်တော့ရန်နှင့် ကျောင်းဆင်းမောင်နှမများ တွေ့ဆုံနိုင်ရန်အတွက် အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေ ထည့်ဝင်လိုပါက ဦးအောင်ကျော်မြ ဖုန်း-၀၁-၅၆၃၆၆၇၊ ဦးဆေးဘို ဖုန်း-၀၉-၅၂၁၂၆၁၂၊ ဒေါ်သန်းသန်းမြင့် ဖုန်း-၀၁-၅၇၈၆၇၂၊ ဦးစိုင်းကျော်လှိုင် ဖုန်း-၀၁-၅၃၇၉၀၃၊ ဒေါ်ခင်မိုးကြိုင် ဖုန်း-၀၉-၅၀၃၃၀၈၃၊ ဦးခင်ထွန်း ဖုန်း-၀၁-၇၃၁၃၈၀၂၃နှင့် ဦးသန်းနိုင် ဖုန်း-၀၁-၅၅၄၆၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၃-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၃ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၃၀ ၅။ ဓမ္မပူဇာတေး
- ၇:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၇:၄၀ ၇။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ ဦးတည်ချက်(၁၂)ရပ်
- ၈:၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၄။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၅။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ ဇာတ်လမ်းတို
- ၄:၃၀ ၇။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၃၅ ၈။ ဗွီစီဒီကျော်ကြားတေး
- ၄:၄၅ ၉။ မွေးမြူသုတ
- ၄:၅၀ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၅၅ ၁၁။ ရန်သူမီး
- ၅:၁၀ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၃၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-မာယာနှုတ်ခမ်း (အပိုင်း-၄၄)**
- ၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၆။ ထူးဆန်းထွေလာမျက်လှည့်ပညာ
- ၆:၄၅ ၁၇။ ကာတွန်းအစီအစဉ်-ကြယ်တာရာမင်းသားလေး (အပိုင်း-၃)
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-ဖြူစင်သောအားမာန် (အပိုင်း-၄၃)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဦးတည်ချက်(၁၂)ရပ်
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ အနုပညာရှင်၏တစ်နေ့တာ
- ၂၅။ လျှပ်တစ်ပြက်
- ၂၆။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-ရင်၌တည်သောသစ္စာ (အပိုင်း-၉)**
- ၂၈။ ဂီတရင်ခုန်သံ
- ၂၉။ သင့်အတွက်မနက်ဖြန်
- ၃၀။ အပိတ်နှုတ်ဆက်စကား
- ၃၁။ ပြီးပါပြီ။

လှိုင်သာယာမြို့နယ် အမှတ်(၃၂) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်း (က)မှ ပထမဆုရ မောင်သောင်းထွဋ်ဇော်အား ကျောင်းအုပ်ဆရာကြီး ဦးအောင်နိုင်ဦး ဆုချီးမြှင့်စဉ်။

(ပညာရေး)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မတ် ၂

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဦးစိုင်းအောင်သန်းမြ (Yee Thant Co., Ltd.)သည် ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၄ နာရီခွဲတွင် ကစားဖော်များဖြစ်သော ဦးသိန်းစိုး၊ ဦးတင်အောင်လင်း၊ ဦးထွန်းထွန်းအေး(ပဲခူး)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ၁၆၅ ကိုက်အကွာရှိ ကျင်းအမှတ်(၁၅)သို့ Titleist ProV-1ဘောလုံးအား PRGR Iron No.(9)တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

မုံရွာခရိုင်နှင့် ကလေးခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဖေဖော်ဝါရီ ၂၄ ရက်တွင် မုံရွာ-ယာကြီး-ကလေးဝလမ်း လမ်းခင်းကျင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကလေးမြို့ မြို့တော်ခန်းမ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ကလေးမြို့ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကလေးမြို့နယ်ရှိ နွေစပါးစုပေါင်း ပေါင်းလိုက်ပွဲနှင့် မြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် နည်းပြ/နည်းစနစ်သင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲ အခမ်းအနား၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) နည်းပြ/နည်းစနစ်သင်တန်း ဖွင့်လှစ်

ရန်ကုန် မတ် ၂

အားကစားဝန်ကြီးဌာန နည်းပြ/နည်းစနစ် သင်တန်းအမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်၍သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် ယခုဖွင့်လှစ်သော သင်တန်းသည် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရေး အထောက်အကူပြုမည့် အရည်အချင်း ပြည့်ဝသော အားကစားစည်းရုံးရေးမှူး ကောင်းများ၊ အားကစားခေါင်းဆောင် ကောင်းများ ဖြစ်လာစေရန် သင်ကြား ပေးမည့် သင်တန်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းကို မတ် ၁ ရက်မှ ဧပြီ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေး သွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၃၈ ဦးနှင့် သင်တန်းသူ ၃၃ ဦး စုစုပေါင်း ၇၁ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကညင် ရေလှောင်တမံတွင် ကုန်းကျောတစ်ခု ပြီးစီးနေပုံကို တွေ့ရစဉ်။

○ ရေဝတီမှ

ကွင်းဆင်းလေ့လာခဲ့ရာ အကြိုတည်ဆောက်မှုလုပ်ငန်းများကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ရေစိမ့်တား ကွန်ကရစ်နံရံတည်ဆောက်ခြင်း ရာခိုင်နှုန်းပြည့်ပြီးစီးပြီဖြစ်သည်။ စိန်လွန်တူးခြင်း ပေ ၁၀၈၀၁၀ ပြီးစီး၍ ၉၀ ရာခိုင်နှုန်း ပြီးစီးနေကြောင်းနှင့် ဘိလပ်မြေ သရွတ်မှုတ်ခြင်းမှာ ၈၄ ရာခိုင်နှုန်း ပြီးစီးနေကြောင်း သိရှိရသည်။ တမံမြေကြီးလုပ်ငန်း စတင်သည့်နေ့မှ ၂၀၁၀ ခုနှစ် နိုဝင်ဘာလထိ ၇၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ကျောက်စီခြင်းလုပ်ငန်း ရာခိုင်နှုန်းအားဖြင့် ၂၀၁၀ ခုနှစ် နိုဝင်ဘာလအထိ ၄၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ရေထုတ်ပြွန်လုပ်ငန်းတွင် လုပ်ငန်းစတင်သည့်နေ့မှ ၂၀၁၀ ခုနှစ် နိုဝင်ဘာလထိ မြေကြီးလုပ်ငန်းပြီးစီးမှုအနေဖြင့် ၆၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။ ရေပိုလွှဲလုပ်ငန်းသည် ၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် တောရှင်းခြင်း၊ မြေကြီးလုပ်ငန်း၊ ကွန်ကရစ်လုပ်ငန်းများအားလုံး ရာခိုင်နှုန်းပြည့် ပြီးစီးလျက်ရှိသည်။

ဆည်ရေသောက်လုပ်ငန်းများ တည်ဆောက်ရာတွင် တူးမြောင်းမကြီးလုပ်ငန်း၊ တူးမြောင်းအဆောက်အအုံ၊ ရေပေးဝေတူးမြောင်းများမှ အသေးစား ရေအားလျှပ်စစ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

ကညင်ရေလှောင်တမံသည် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီးတွင် တည်ရှိပြီး ကညင်ချောင်းကို မြေသားတမံပိတ်ပြီး စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးဧက ၂၅၀၀၀ ရေပေးဝေမည်ဖြစ်သည်။ ရေဆင်းဧရိယာ ၁၂၉ စတုရန်းမိုင်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၂၇၃၀၀၀ ဖြစ်သည်။ ရေအားလျှပ်စစ်တပ်ဆင်အားမှာ ၂ ဒသမ ၅ မဂ္ဂါဝပ် နှစ်လုံး ဖြစ်သည်။

အင်္ဂပူမြို့နယ်တွင် အများဆုံးခံစားကြရမည်ဖြစ်ပြီး တည်ဆောက်ပြီး စိုက်ပျိုးရေပေးဝေနေသော နန်ကသူ ရေလှောင်တမံမှ ပေးဝေသောစိုက်ပျိုးမြေဧရိယာများနှင့် တစ်ဆက်တည်းဖြစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ လျှပ်စစ်ဓာတ်အားများကို ရေကျအဆောက်အအုံများမှ ထုတ်လုပ်၍ဒေသဝန်းကျင်များသို့ ပို့လွှတ်ပေးမည်ဟု သိရှိရသည်။

ခံစားကြရမည်

ကညင်ရေလှောင်တမံကြီး ပြီးစီးသွားပါက စိုက်ပျိုးရေပေးဝေမှုအရ စပါးနှင့် အခြားပဲအမျိုးမျိုး၊ နှမ်း၊ မြေပဲ၊ မိုးသီးနှံနှင့်ဆောင်းသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ ရေအားလျှပ်စစ်ဓာတ် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှုကြောင့် ပတ်ဝန်းကျင်ဒေသများ လျှပ်စစ်ဓာတ်အားများရရှိစေပြီး ပိုမိုသာယာဖွံ့ဖြိုး တိုးတက်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးများ ပိုမိုတိုးတက်လာခြင်းတို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူ၊ တောင်သူများအတွက် အမှန်တကယ် အကျိုးကျေးဇူးများစွာ ခံစားကြရမည်ဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

ရန်ကုန် မတ် ၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၁၁ ခုနှစ် မတ်လထုတ် သုတပဒေသာစာစောင် အတွဲ(၃၈) အမှတ်(၃) ကို ဘာသာပြန်စာပေများစိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင်တွင် ပါရဂူ၊ ငွေးမောင်၊ ဒေါက်တာခင်မောင်ညွှန့်၊ မောင်ပေါ်ထွန်း၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ မောင်မြင့်ကြွယ်၊ မြတ်ငြိမ်း၊ အောင်ချိန်ဘွား၊ ဆောင်းဝင်းလတ်၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ ချိုးဖြူခင်၊ ခင်စောတင့်၊ လှတိုး(စိတ်ပညာ)၊ ကေကေ(မဟာဝိဇ္ဇာ)၊ ကံမြင့်(ရေဒါ)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မောင်သိန်းလှိုင်၊ မင်းကြော့ရှိန်၊ မောင်ကြည်သစ်၊ မောင်ဝင်းသူ(ဝါးခယ်မ)၊ MTH၊ မြသိန်း၊ ဒေါက်တာလှဖေ၊ ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)၊ ရဲထက်ဇော်၊ စိုးယုဆွေ၊ ဒေါ်စောကြိုင်(အငြိမ်းစားပါမောက္ခ)၊ ကျော်စိန်ညွှန့်၊ ကျော်ရှင်း၊ နေမျိုးနိုင်၊ မောင်တင်ဦး(ရုက္ခ)၊ လဲ့လဲ့ဝင်း(သတ္တဗေဒ)၊ စိန်ဝင်းနွယ်၊ မျှုးခင်(ရွှေပြည်သာ)၊ ဒေါက်တာလွှမ်းမိုးဟန်၊ ခင်မောင်ကြီး(ကြေး/မြေ)၊ စိန်ဝင်းမော်၊ စိုးသီဟနောင်၊ မြင့်ဦးမောင်၊ တက္ကသိုလ်မိုးမြင့်၊ မောင်ပေါင်းကူး၊ မော်(သန်လျင်)၊ ဇွန်နှင်းဝေ၊ တက္ကသိုလ်မောင်တံခွန်နှင့် ထက်မြက်(စမ်းချောင်း) စသည့် စာရေးဆရာများ၏ ဘာသာပြန်ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုများ ပါဝင်သည်။

ယခုလထုတ် သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၈၀၀ နှုန်းဖြင့် နေပြည်တော်သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၂

Myanmar Fishery Products Processors & Exporters Association ၏ ကူညီပံ့ပိုးမှုဖြင့် မတ် ၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာတင်လတ် (MAT College)က အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံမှုအပြည့်အဝပေးနိုင်သော နိုင်ငံတကာစံချိန်စံညွှန်းများ Hazard Analysis Critical Control Points (HACCP) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ထူးချွန်ထက်မြက်လိုသည့် ကလေးများအတွက် Summer Camp သင်တန်း ဖွင့်မည်

ရန်ကုန် မတ် ၂

အသက်ခြောက်နှစ်မှ ခုနစ်နှစ်အထိ ကလေးငယ်များအား လက်ခံသင်ကြားပေးမည့် Summer Camp အင်္ဂလိပ်စာနှင့် IQ ဖွံ့ဖြိုးမှုသင်တန်းကို Noble Nine Centre က ပထမဦးဆုံးအကြိမ် ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းသင်တန်းသို့ တက်ရောက်မည့် ကလေးငယ်များအား အင်္ဂလိပ်စာနှင့် စကား အထူးတတ်ကျွမ်းအောင် သင်ကြားပို့ချမည့်အပြင် ဘာသာရပ်ဆိုင်ရာ စူးစမ်းမှတ်သားမှု၊ ဉာဏ်ရည်ထက်မြက်စေမည့် လေ့ကျင့်မှုများ၊ စိတ်ကူးဉာဏ်ပွင့်လန်းပျော်ရွှင်စေမည့် Art & Craft လေ့ကျင့်မှုများ၊ Computer အခြေခံ သင်ခန်းစာများကိုပါ တစ်ပြိုင်နက်တတ်ကျွမ်းစေရန် ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

သင်တန်းကို မတ် ၇ ရက်မှစ၍ မေ ၂၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက Noble Nine Centre အမှတ် (၂၄၅) (ပထမထပ်) ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၂၂၅၊ ၂၅၀၁၅၀နှင့် ၀၉-၇၃၀၄၉၆၁၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကညင်ရေလှောင်တမံတွင် စက်ယန္တရားကြီးများဖြင့် မြေကြီးလုပ်ငန်းဆောင်ရွက်နေစဉ်။

○ ကျောဖုံးမှ

စမ်းသပ်လုပ်ဆောင်ခဲ့ရာ ၂၀၀၇ ခုနှစ်မှာ ဓာတ်ခွဲခန်းစမ်းသပ်မှုများ အောင်မြင်ခဲ့ပြီး ၂၀၀၉-၂၀၁၀ ခုနှစ်မှာ မြွေပွေးကိုက်လူနာများအပေါ်တွင် စမ်းသပ်ကုသခဲ့တဲ့အခါ အောင်မြင်မှုရရှိခဲ့ပါတယ်။ မြွေဆိပ်ဖြေဆေးကို လူများအပေါ် စမ်းသပ်နိုင်ရေးအတွက် သက်ဆိုင်ရာ သမားတော်ကြီးများနှင့် သုတေသီများ ပူးပေါင်းကာ သုတေသနအဆိုပြုလွှာ (Clinical protocol) ရေးဆွဲပြီး သုတေသနကျင့်ဝတ်ဆိုင်ရာကော်မတီ (Ethical committee)၏ ခွင့်ပြုချက်ကို ရယူဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ အဆိုပြုလွှာ(Protocol)အရ မြွေပွေးကိုက်ခံရသောလူနာများအပေါ်မှာ ကြက်ဥအနှစ်မှ ထုတ်လုပ်သော မြွေဆိပ်ဖြေဆေး၏ အန္တရာယ်ကင်းရှင်းမှုနဲ့ အနည်းဆုံးလိုအပ်သော မြွေဆိပ်ဖြေဆေးပမာဏကို ဖော်ထုတ်နိုင်ခဲ့ပါတယ်”ဟု ညွှန်ကြားရေးမှူး(သုတေသန)(ငြိမ်း) မြွေကိုက်သုတေသနပညာရှင် ဒေါက်တာဦးထွန်းဖေက ကြက်ဥအနှစ်မှ မြွေဆိပ်ဖြေဆေးထုတ်လုပ်ခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ကျန်းမာရေးဦးစီးဌာန၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် တိုက်ကြီးမြို့နယ်၊ ဖေဖော်ဝါရီလတွင် တောင်တွင်းကြီးမြို့နယ် ဆေးရုံနှင့် မေလ၊ ဇွန်လအတွင်းနှင့် အောက်တိုဘာလ၊ ဒီဇင်ဘာလတို့အတွင်း သာယာဝတီခရိုင်ဆေးရုံကြီးတို့၌ မြွေပွေးကိုက်ခံရသည့် လူနာများအပေါ်တွင် လူနာများ၏ သဘောတူခွင့်ပြုချက်ဖြင့် သုတေသီဆရာဝန်များက မြွေဆိပ်ဖြေဆေး ထိုးနှံကုသစမ်းသပ်ခဲ့ရာ ဘေးထွက်ဆိုးကျိုးမတွေ့ရဘဲ လူနာ ၈၂ ရာခိုင်နှုန်းကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့ကြောင်း၊ ထိုရလဒ်သည် နိုင်ငံတော်အတွက်အရေးပါ၍ သုတေသနအောင်မြင်မှုမှတ်တိုင်တစ်ခု ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

မြွေကိုက်သုတေသနပညာရှင် ဒေါက်တာဦးထွန်းဖေ ရှင်းလင်းပြောကြားစဉ်။

ကြက်ဥအနှစ်မှ ထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးသည် ဥစားကြက်မများကို တိရစ္ဆာန်ဆေးကုဆရာဝန်၏ ကြီးကြပ်မှုဖြင့် စနစ်တကျ ကာကွယ်ဆေးများထိုးနှံပြီး အကောင်ရေ ဆယ်ဂဏန်းမျှ မွေးမြူကြောင်း၊ ကြက်ငှက်များတွင်ဖြစ်တတ်သော ရောဂါများကင်းရှင်းကြောင်း၊ လိုအပ်သည့်အချိန်တိုင်းတွင်လည်း စစ်ဆေးရကြောင်း၊ ဥစားကြက်မများကို မြွေဆိပ်ပမာဏ အနည်းငယ်သာထိုးပေးပြီး ရရှိလာသော ကြက်ဥများကို စုဆောင်းကာ မြွေဆိပ်ဖြေဆေးအဖြစ် ဓာတ်ခွဲခန်းတွင် အဆင့်ဆင့် သန့်စင်ထုတ်လုပ်ရကြောင်း၊ ထိုသို့ထုတ်လုပ်ရာမှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်းများ (ဥပမာ-ကြက်ဥခွံ၊ ကြက်ဥအကာ)၊အသုံးပြုပြီး၍ မလိုအပ်တော့သော ဆေးထိုးထားသည့် ကြက်မများ စသည်တို့ကိုလည်း သုတေသနလုပ်ထုံးလုပ်နည်းများနှင့်အညီ အန္တရာယ်ကင်းရှင်းစေရေး အဓိကပြု၍ စနစ်တကျစွန့်ပစ်ရပြီး စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာကျင့်သုံးကြောင်း၊ မြွေဆိပ်ဖြေဆေးကို ကြက်ဥအနှစ်မှ ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ မြွေဆိပ်ဖြေဆေးထုတ်လုပ်ခဲ့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု လမ်းညွှန်ချက်၊ စည်းမျဉ်းစည်းကမ်းအတိုင်း လုပ်ဆောင်ခဲ့ကြောင်း၊ သုတေသနကျင့်ဝတ်အတိုင်း လူနာများအပေါ်တွင် မစမ်းသပ်မီ မြွေဆိပ်ဖြေဆေး၏ အရည်အသွေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်များအတိုင်း အဆင့်ဆင့် စစ်ဆေးခဲ့ကြောင်းလည်း သိရသည်။

ယခုအောင်မြင်မှုရရှိခဲ့သည့် သုတေသနပြုလုပ်ချက်သည် ကျေးလက်တောရွာမှ မြို့နေလူတန်းစားအထိ များစွာ အကျိုးဖြစ်ထွန်းစေသည်မှာ အမှန်ပင်ဖြစ်သည်။ ထိုကဲ့သို့ သုတေသနပြုလုပ်ချက်များ အောင်မြင်မှုရရှိလာသည်နှင့်အမျှ ပြည်သူတို့အတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းလာစေမည်ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာန၏ သုတေသနပြု လေ့လာရှာဖွေဖော်ထုတ်မှုများ စဉ်ဆက်မပြတ် ဖြစ်ထွန်း အောင်မြင်ပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။

ကြက်ဥမှထုတ်လုပ်ထားသည့် မြွေဆိပ်ဖြေဆေးပုလင်းများကို တွေ့ရစဉ်။

ပူဇော်ကန်တော့

၁၉၆၉-၁၉၇၃ ရန်ကုန်တက္ကသိုလ် မြန်မာစာအဓိက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် တော်ဝင်နှင်းဆီခန်းမ၌ ပြုလုပ်ရာ ဦးစိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (ကြေးမုံ)

ဂမုန်းပွင့် Shopping Mall (ကမ္ဘာအေး)၌ 5th Made In Thailand Festival ကျင်းပလျက်ရှိ

ရန်ကုန် မတ် ၂

ဂမုန်းပွင့်ကုမ္ပဏီလီမိတက်နှင့် DEP (Department of Export Promotion)တို့ ပူးပေါင်းစီစဉ်သည့် 5th Made In Thailand Festival ကို မတ် ၁ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ထိုင်းနိုင်ငံမှထုတ်လုပ်သည့် ကုန်ပစ္စည်းအမျိုးမျိုးကို တစ်နေရာတည်းတွင် တစုတစည်းတည်း ဝယ်ယူရရှိနိုင်စေရန်နှင့် ကုန်ပစ္စည်းအမှတ်တံဆိပ်များကို တွင်ကျယ် လူသိများအောင် ကျင်းပခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံမှ ထုတ်လုပ်သည့် နာမည်ကြီး အမှတ်တံဆိပ်များဖြစ်သော Vanson, Oasis, Kiddo, Valentino Rudy, Luigi Batani, Harzard, Giffini, Play Boy, Nobody, Toffy Sweet, OVO, Fido Dido, Camella, C' Care, Lolane , Now How အမှတ်တံဆိပ်စသော အမျိုးသားအမျိုးသမီး၊ ကလေးအဝတ်အထည်များ၊ အလှကုန်ပစ္စည်းများနှင့် ဖိနပ်အမျိုးမျိုးတို့ကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည့်အပြင် ထိုင်းနိုင်ငံထုတ်ပစ္စည်းများကို တင်သွင်းရောင်းချလျက်ရှိသည့် ကုမ္ပဏီပေါင်း ၄၀ ကျော်၏ အရောင်းပြင့်တင်ခြင်းများ ပါဝင်ကြောင်း သိရသည်။

ဈေးဝယ်သူများအနေဖြင့် အခွင့်အရေး သုံးခု ရရှိနိုင်ရာ ပထမအခွင့်အရေးအနေဖြင့် ထိုင်းနိုင်ငံလုပ်ပစ္စည်းများကို ဝယ်ယူပါက အထူးလျှော့ဈေးများ၊ လက်ဆောင်ပစ္စည်းများ ရရှိမည်။ ဒုတိယအခွင့်အရေးမှာ တစ်ရက်အတွင်း ငွေကျပ် သုံးသောင်းဖိုးနှင့်အထက် ဝယ်ယူပါက အိမ်သုံးလျှပ်စစ်ပစ္စည်းများအပါအဝင် ဗလာမပါကံစမ်းမဲများ ချက်ချင်း ကံစမ်းနိုင်မည်ဖြစ်သည်။ အထူးအခွင့်အရေးအနေဖြင့် ငွေကျပ် သုံးသောင်းဖိုးနှင့်အထက် ဝယ်ယူထားသော ကူပွန်များထဲမှ ကံစမ်းရွေးချယ်၍ ရန်ကုန်-ဗန်ကောက်-ရန်ကုန် လေယာဉ်လက်မှတ်ကို ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိသည်။ (သတင်းစဉ်)

ဂမုန်းပွင့်ကုမ္ပဏီလီမိတက်နှင့် DEP (Department of Export Promotion)တို့ ပူးပေါင်းစီစဉ်သည့် 5th Made In Thailand Festival ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

✪ ငှက်ဝါသနာရှင်မှ

အစား ခွဲခြားနည်း၊ ငှက်ကြည့်လေ့လာနည်းနှင့် ငှက်ကြည့်မှန်ပြောင်းအသုံးပြုနည်း၊ ငှက်ကြည့်လေ့လာရာတွင် ဆောင်ရန်၊ ရှောင်ရန်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့ကို တက္ကသိုလ်များမှ သတ္တဗေဒပညာရှင်များ၊ မြန်မာငှက်ဝါသနာရှင်အသင်းမှ ပညာရှင်များနှင့် တာဝန်ရှိသူများက စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းကာလ သုံးရက်အတွင်း ပထမနှစ်ရက်ကို မြန်မာငှက်ဝါသနာရှင်အသင်းတွင် စာတွေ့ သင်ကြားမည်ဖြစ်ပြီး နောက်ဆုံးတတိယရက်ကို လှော်ကားဥယျာဉ်၌ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကာ လိုအပ်သည့် ငှက်ကြည့်လမ်းညွှန်စာအုပ်(Field Guide)နှင့် ငှက်ကြည့်မှန်ပြောင်း(Binoculars)များကို အသင်းက ငှားရမ်းပံ့ပိုးကူညီသွားမည်ဖြစ်သည်။ သင်တန်းသားဦးရေကို ၂၅ ဦးသာ လက်ခံသင်ကြားပို့ချသွားမည်ဖြစ်သဖြင့် အသင်းဝင်ထားသူများနှင့် သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်သူများကိုသာ ဦးစားပေးလက်ခံသွားမည်ဖြစ်ကြောင်း၊ သင်တန်းဝင်ခွင့်ပုံစံများကို မတ် ၃ ရက်အထိသာ လက်ခံပြီး ဆက်သွယ်စုံစမ်းလိုပါက မြန်မာငှက်ဝါသနာရှင်အသင်း တော်ဝင်နှင်းဆီလေဘာတီစာကြည့်တိုက် အမှတ်(၂၂၃) ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၂၇၁၉ နှင့် ၅၄၈၀၉၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အထက(ကော့စံနိုင်)ကျိုက်ထို မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ကျိုက်ထို မတ် ၂

အထက(ကော့စံနိုင်) ကျိုက်ထို ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၇ ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ၁၉၈၆ မှ ၂၀၀၆ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သည့် အသက်(၅၀)နှင့်အထက် လုပ်သက်အနည်းဆုံး နှစ်နှစ် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပြီး ရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါ်ကြည်ကြည်မာ(ကျောင်းအုပ်ကြီး) ဖုန်း-၀၅၇-၆၀၀၅၆၊ ဒေါ်စန်းစန်းမင်း အထက(ကော့စံနိုင်) ဖုန်း-၀၅၇-၆၀၄၂၇၊ ၀၉-၄၉၈၁ ၈၄၂၇၊ ဦးဝင်းနိုင်ဦး ဖုန်း-၀၅၇-၆၀ ၅၄၀၊ ၀၉-၄၉၈၁၈၅၄၀ နှင့် ဒေါ်ခိုင်မာထွေး ဖုန်း-၀၉-၅၀၁၁၃၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အာဟာရသုခဈေး မီးဘေးကာကွယ်ရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်

နေပြည်တော် မတ် ၂

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် ဈေးများ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၈ရက်က ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးကြီး၌ ကျင်းပရာ နေပြည်တော် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ရဲကျော်သူ ရဲသူရ ဦးသန်းကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲသူရိန် ခင်မောင်ရီနှင့် ဈေးမိဈေးဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ရဲကျော်သူရဲသူရ ဦးသန်းကျော်ကျော်က ဈေးမီးဘေး ကြိုတင်ကာကွယ်ရေး ဆွေးနွေးမှာကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးဝန်ထမ်းများ ပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်လေ့ကျင့် ဆောင်ရွက်ကြကြောင်းသိရသည်။ (ကြေးမုံ)

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်း၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးဝန်ထမ်းများ လက်တွေ့ မီးငြိမ်းသတ်လေ့ကျင့်စဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၁၁ (ကြာသပတေးနေ့)

[၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၃) ရက်၊ အဖိတ်နေ့]

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	“သက်ရှည်ကျန်းမာ လေ့ကျင့်ပါ”
၈း၀၅	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၅	၈။	အကပဒေသာ
၈း၂၅	၉။	(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၅	၁၀။	International News
၈း၄၀	၁၁။	အကပြိုင်ပွဲ
၈း၄၅	၁၂။	တေးဂီတအစီအစဉ်
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၄း၃၀	၄။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၄၀	၅။	“ဇီဝမျိုးစုံမျိုးကွဲများ”
၄း၅၀	၆။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အရှေ့တိုင်းပညာ၊ မြန်မာစာ၊ မြန်မာမှုပညာ၊ ရသစာပေ အရေးအသားအထူးပြုများ) (အရှေ့တိုင်းပညာ)
၅း၀၀	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅	၈။	မူဟန်သွယ်သွယ်ဆိုကြမယ်
၅း၃၅	၉။	သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၅း၄၅	၁၀။	(၆၆)နှစ်မြောက် တပ်မတော်နေ့ (ဂုဏ်ပြုအစီအစဉ်)
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	**ပျော်ရွှင်စေသော နေ့ရက်များ “အချစ်ကော်ဖီ” အပိုင်း(-၄၄) (ရွှေပန်းချီ၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ ကိုလင်း၊ ကိုရဲ၊ စိုးပြည်) (ဒါရိုက်တာ-အောင်ကျော်သူရ)**
၆း၄၀	၁၄။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့နယ်နိမိတ်” (ဒုတိယတွဲ)(အပိုင်း-၁၅)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**“အစာလည်းဆေး၊ ဆေးလည်းအစာ” (အပိုင်း-၁၆)**
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ “စိတ်ကူးနဲ့ ကြမ္မာ” (အပိုင်း-၃၂)**
	၂၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာလွှမ်းသော မေတ္တာ” (အပိုင်း-၄၁)**
	၂၂။	အစီအစဉ်ပြီး၏။

အမြို့မြို့ အနယ်နယ်တွင် သာယာစည်ပင်

ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်နှင့်ပြည်သူပူးပေါင်း၍ ပုံကျွန်းလမ်း ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းစစ်ဆေးရာ ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံနှင့် ယာဉ်စက်ယန္တရားများ၊ ဝန်ထမ်းအိမ်ရာများအား မီးဘေးကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၇ ရက်တွင် အဖွဲ့ဝန်ထမ်းများက လက်တွေ့ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ရာအမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၂၆ ရက်က စည်ပင်ဦးစီးအရာရှိ ဦးသီဟထွန်းနှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်စိုးတို့ ဦးဆောင်၍ သန္တေမီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်ဝန်ထမ်းများ ဇာတ်တိုက်လေ့ကျင့်မှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးညဏ်စိုး၊ စည်ပင်အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၅၄၀)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်တင်မာအေးနှင့် ဝန်ထမ်းများ အညာစုတံတား အပေါ်ထည် သစ်သားကြမ်းခင်းပြုပြင်ခြင်းကို ဖေဖော်ဝါရီ ၈ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာ အားကစား နိုင်ငံတကာ အားကစား နိုင်ငံတကာ အားကစား နိုင်ငံတကာ အားကစား နိုင်ငံတကာ အားကစား

ပထမနေရာမှ မန်ယူကို အနိုင်ယူ၍ ချယ်လ်ဆီး စတုတ္ထနေရာသို့ တက်လာ

လန်ဒန် မတ် ၂

ပရီမီယာလိဂ်ပွဲစဉ်(၁၈)၏ လက်ကျန်ပွဲဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် မန်ယူအသင်းတို့ပွဲကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အိမ်ရှင်ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရ၍ အမှတ်ပေးဇယား စတုတ္ထနေရာသို့ တက်လာနိုင်ခဲ့သည်။

ပထမပွဲထွက်ကစား

အိမ်ရှင် ချယ်လ်ဆီးအသင်း၏ ပထမပွဲထွက်လူစာရင်းတွင် ပီတာချက်၊ ဂျွန်တယ်ရီ၊ အီဗန်နိုဗစ်၊ ဒေးဗစ်လုဇ်၊ အက်ရှ်လေကိုး၊ လမ်းပတ်၊ အက်ဆီယံ၊ မာလူဒါ၊ ရာမီရစ်၊ အနယ်လ်ကာနှင့် ဖာနန်ဒိုတောရက်စ်တို့ ပါဝင်ခဲ့သည်။ ဧည့်သည်မန်ယူအသင်းတွင် ဗန်ဒါဆား၊ ဗီဒစ်၊ အီဗရာ၊ စမောလင်း၊ အိုရှီးယား၊ ပေါလ်စခိုး၊ မိုက်ကယ်ကာရစ်၊ ဖလက်ချာ၊ နာနီ၊ ဟာနန်ဒက်ဇ်နှင့် ဝိန်းရွန်နေးတို့ ပါဝင်ကစားသွားသည်။

ပထမပိုင်းတွင် မန်ယူ၏ကစားပုံမှာ ကောင်းမွန်ခဲ့သည်။ ထို့ကြောင့် ပွဲချိန် ၂၉ မိနစ်တွင် ဝိန်းရွန်နေးက ဂိုးစည်းအပြင်ဘက်မှ အပြင်းကန်သွင်းပြီး မန်ယူအတွက် ဦးဆောင်ဂိုးကို ရယူနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် အိမ်ရှင်ချယ်လ်ဆီးအသင်းသည် မန်ယူအသင်းကို အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် မာမာထန်ထန်တုံ့ပြန် ကစားခဲ့ရာ ပွဲချိန် ၅၄မိနစ်တွင် ချယ်လ်ဆီးအတွက် ချေပဂိုးကို နောက်ခံကစားသမား ဒေးဗစ်လုဇ်က လှလှပပကန်သွင်းပြီး မိနစ် ၈၀ တွင် လမ်းပတ်က ပယ်နယ်တီမှ အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သည်။ ပွဲကစားချိန်မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ၃မိနစ်အရောက်တွင် မန်ယူနောက်ခံလူ ဗီဒစ်ကြမ်းတမ်းစွာ ကစားမှုကြောင့် နှစ်ဝါ၊ တစ်နီဖြင့် ထုတ်ပယ်ခြင်းခံရသည်။ ထို့ကြောင့် ဗီဒစ်သည် လာမည့် ပရီမီယာလိဂ်ပွဲစဉ် (၂၉) အဖြစ် လီဗာပူးနှင့် ကစားရမည့်ပွဲတွင် ပါဝင်ကစားနိုင်တော့မည် မဟုတ်ပေ။ **အင်တာနက်။**

ဘောလုံးလောကသတင်းတိုများ

- ❖ အသက်(၃၃) နှစ်ရှိ အာဆင်နယ်ကစားသမားဟောင်း ဟင်နရီသည် အသင်းဟောင်း အာဆင်နယ်သို့ ပြန်လာလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။
- ❖ ဘာစီလိုနာမှ လူငယ်တိုက်စစ်မှူး ဘိုဂျန်ကာကစ်အား ပရီမီယာလိဂ်ကလပ်များဖြစ်သည့် လီဗာပူးနှင့် စပါးတို့က ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။
- ❖ အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီမှာ ကြွခိုင်မှုပြည့်ဝခြင်းမရှိသည့်အတွက် မတ် ၉ ရက်နံနက်ပိုင်းတွင် ဘာစီလိုနာနှင့် ကစားရမည့် ချန်ပီယံလိဂ်ပွဲတွင် ပါဝင်ရန် မသေချာတော့ကြောင်း သိရသည်။

ဟန်သစ်

မာတင်ကယ်လီ ငါးပတ်ခန့် အနားယူရမည်



ငါးပတ်ခန့် အနားယူရမည့် လီဗာပူးကစားသမား မာတင်ကယ်လီ။

လန်ဒန် မတ် ၂

လီဗာပူးကစားသမား မာတင်ကယ်လီသည် ပြီးခဲ့သည့်တနင်္ဂနွေနေ့က ဝက်စ်ဟမ်းအသင်းအား သုံးဂိုး - တစ်ဂိုးဖြင့် ရှုံးခဲ့သည့်ပွဲတွင် တံကောက်ကြော ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ဒဏ်ရာကြောင့် မာတင်ကယ်လီသည် အနည်းဆုံး ငါးပတ်ခန့် အနားယူရတော့မည်ဟု ဆိုသည်။

အသက် (၂၀) သာရှိသေးသည့် အဆိုပါ အင်္ဂလန်နိုင်ငံသား၏ဒဏ်ရာမှာ အစောပိုင်းက စိုးရိမ်ဖွယ်ရာ မရှိခဲ့သော်လည်း ဓာတ်မှန်ရိုက်စစ်ဆေးမှုများ ပြုလုပ်ရာတွင် တစ်လကျော်ကြာ အနားယူရမည်ဟု အဖြေထွက်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် မာတင်ကယ်လီသည် မတ် ၂၀ ရက်တွင် ပရီမီယာလိဂ်ပွဲစဉ်(၃၀) အဖြစ် ဆန်းဒါးလန်းအသင်းနှင့် ကစားရမည့် ပွဲစဉ်အထိ လွဲချော်မည့်အပြင် အင်္ဂလန် ယူ-၂၁ အသင်း၏ ပွဲစဉ်ကိုလည်း လွဲချော်ရတော့မည်ဖြစ်သည်။ ***အင်တာနက်။***

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီသည် ရန်ကုန်မြို့တွင် လူဦးရေ ၆ ဒသမ ၆ သန်းကျော်ရှိသည့်အနက် ခရီးသွားလျက်ရှိသော ရန်ကုန်ခရီးသွားလူထု ၃ ဒသမ ၄ သန်းမှ ခရီးသည်နှစ်သန်း ခရီးသွားလာမှုအဆင်ပြေစေရန် ယာဉ်လိုင်းပေါင်း ၁၃၉ လိုင်းတွင် ကားအစီး ၂၅၀၀ တို့ဖြင့် ခရီးသည်များ ဘေးမသီရန်မခ လိုရာခရီးကို သတ်မှတ်ယာဉ်စီးခနှုန်းထားဖြင့် စိတ်ချလက်ချသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်ခရီးသွားလုပ်ငန်း အရည်အသွေးမြှင့်တင်ရန်၊ ယာဉ်တိုက်မှုများ လျော့နည်းပပျောက်စေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန်တို့အတွက် ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄) အမှတ်(၃)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် မောင်ကြင်နွယ်၊ ဆုမွန်ဦး(ဟသ်ာတ)၊ မေကိုရဲတို့၏ ကဗျာများ၊ စောဟန်၊ မင်းဇော်ဦးတို့၏ ကာတွန်းလက်ရာများ၊ မြသိန်းဟန်(လုပ်သားကောလိပ်)၊ တက္ကသိုလ်တင်ခါ၊ လှထွန်း(တံ့တေး)၊ ခင်ဘုန်းပြည့်၊ ငြိမ်းအေးအောင်ပန်းဝေ(LL.B)၊ မင်းယုဝေ၊ ဖိုးဆောင်း၊ အရှင်ပါမောက္ခ (ကြို့ပင်ကောက်)၊ ပြည်စိုး၊ ဒေါက်တာ ဒေါ်စိုးသူ၊ မျိုးညွန့်(မရမ်းကုန်း)၊ ကျိုက်လတ် မိုးမြင့်၊ မောင်မောင်(ယထ)၊ မင်းသက်ခိုင်(ဝက်လာ)၊ တင်ထွန်းဦး(ယဉ်ကျေးမှု)၊ အောင်မြင့်(သစ်လုပ်ငန်း)၊ ကံမြင့်၊ ငွေဝေ၊ ကောင်းမွန်ထက်၊ မောင်စိန်လှိုင် (ဥဿာ)၊ မျိုးမြင့်(လှည်းကူး)၊ မနုသကျော်ဝင်းတို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် ရန်ကုန်ခရီးသွားဂျာနယ် သတင်းများ၊ ကျော်ငွေး(ဘီအေစီ)၏ ရန်ကုန်ခရီးသွားဂျာနယ် နိုင်ငံတကာသတင်းနှင့် ကျန်းမာရေးကဏ္ဍ၊ ခင်မောင်တိုး(မိုးမိတ်)၏ခရီးသွား ဟာသကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်္သိစရာကဏ္ဍများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီးလောင်မှုလျော့နည်းကျဆင်းစေရန်

- (က) မီးသုံးစွဲလျှင် အမြဲသတိရှိပြီး လူစောင့်ထားပါ။
- (ခ) မီးဖိုအနီးတွင် လောင်စာနှင့်လောင်စာဆီများ မထားပါနှင့်။
- (ဂ) မီးဖိုများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုပါ။
- (ဃ) ကလေးသူငယ်များကို မီးမဆော့ပါစေနှင့်။
- (င) မီးခွက်၊မီးအိမ်၊ ဖယောင်းတိုင်များကို ထရံအနီး၊ ခြင်ထောင်အနီးတွင် မထွန်းပါနှင့်။
- (စ) တောမီးလောင်မှုကြောင့် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်း မခံရအောင် ရွာပတ်ဝန်းကျင်တွင် လုံလောက်သော မီးတားလမ်းများ စနစ်တကျ ပြုလုပ်ထားပါ။
- (ဆ) လူနေအိမ်ခြေနှင့် ကပ်လျက်ကောက်ရိုးပုံ၊ ပြောင်းပုံများ စုမထားပါနှင့်။
- (ဇ) ဓာတ်ဆီရောနှောထားသော ရေနံဆီများကို မီးမထွန်းပါနှင့်၊ မီးလည်း မမွှေးပါနှင့်။
- (ဈ) ကောက်ရိတ်သိမ်းချိန်တွင် လယ်ကွင်းအတွင်း၌ ဆေးလိပ်သောက်ခြင်း၊ မီးကိုအသုံးပြုခြင်း မလုပ်ပါနှင့်။
- (ည) အမဲလိုက်၊ ထင်းခွေသူများ ဆေးလိပ်မီးကို အရမ်းပစ်ခြင်းမပြုလုပ်ပါနှင့်။
- (ဋ) ဟိုတယ်၊ မိုတယ်၊အင်း၊တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လုပ်ငန်းများတွင် ထိရောက်သော မီးဘေးကာကွယ်ရေးပစ္စည်းများကို လုံလောက်စွာထားရှိပါ။
- (ဌ) မြို့/ရပ်ကွက်၊ ကျေးရွာများအလိုက် အပေါ့စား မီးသတ်စက်များ၊ မီးသတ်ကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများကို ကိုယ့်အားကိုယ်ကိုး ဝယ်ယူထားပါ။

မီးသတ်ဦးစီးဌာန။

တောင်ပိုင်းဒေသများ နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်တွင်နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့၊ အောင်လံမြို့နှင့် ရွှေကျင်မြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့ကရိတ်မြို့တွင် ၁ ဒသမ ၂၂ လက်မနှင့် မြဝတီမြို့တွင် သုည ဒသမ ၂၀လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၃ ရက် ညနေထိခန့်မှန်းချက်။ ။မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ကြက်ဥအနှစ်မှ ထုတ်ယူသည့်မြွေဆိပ်ဖြေဆေး သုတေသနပြုအောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ရောဂါများကြိုတင်ကာကွယ်ရေးနှင့် ကုသရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူ့အကျိုးပြုသုတေသန ဆောင်ရွက်ချက်များကိုလည်း လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ သုတေသနပြုလုပ်ဆောင်ရာတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

ဆေးသုတေသနဦးစီးဌာနအနေဖြင့် သုတေသနပြုလုပ်ချက်များစွာကို လုပ်ဆောင်လျက်ရှိသည့်အနက် အများပြည်သူအတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည့် မြွေဆိပ်ဖြေဆေးတစ်မျိုးကိုလည်း သုတေသနပြုလုပ်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

ကြက်ဥမှ မြွေဆိပ်ဖြေဆေး

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်သူ တောင်သူလယ်သမားများဖြစ်ပြီး အဓိကလုပ်ငန်းခွင်အန္တရာယ်သည် မြွေဆိုးကိုက်ခံရခြင်းဖြစ်သည်။ ဆေးရုံ၊ ဆေးခန်းများသို့ ရောက်ရှိခဲ့သည့် စာရင်းများအရ တစ်နှစ်လျှင် မြွေဆိုးကိုက်ခံရသူ တစ်သောင်းကျော်ရှိသည်။ ထိုသို့ မြွေဆိုးကိုက်ခံရသူများ၏ အသက်အန္တရာယ်ကို ကယ်တင်နိုင်ရန်နှင့် နောက်ဆက်တွဲရောဂါများ မဖြစ်ပွားစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြွေဆိပ်ဖြေဆေး လုံလောက်စွာ ရရှိနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် သုတေသနပြုခြင်း၊ စမ်းသပ်စစ်ဆေးခြင်းများကို အလေးအနက်ထား လုပ်ဆောင်ခဲ့သည်။ ထို့အပြင် မြွေဆိပ်ဖြေဆေးကို တွင်တွင်ကျယ်ကျယ် ထုတ်လုပ်နိုင်ရန်နှင့် ကုန်ကျစရိတ် သက်သာစေရန်အတွက်ကိုလည်း ထည့်သွင်းဆောင်ရွက်ခဲ့ရာ ယခုအခါ ကြက်ဥမှ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု အောင်မြင်ခဲ့သည့်အတွက် အကျိုးကျေးဇူးများစွာဖြစ်ပေါ်စေခဲ့သည်။

"ကြက်ဥမှ မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုသုတေသနကို ၂၀၀၂ ခုနှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ စံချိန်စံညွှန်းနဲ့အညီ အဆင့်ဆင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

ကြက်ဥအနှစ်မှ ထုတ်လုပ်ထားသည့် မြွေဆိပ်ဖြေဆေး ပုလင်းများကို တွေ့ရစဉ်။

သတင်းဆောင်းပါး - ရဲဝင်းဆောင်(ကြေးမုံ)

ဓာတ်ပုံ - အေးမင်း(မြောက်ဥက္ကလာ)

ထူးခြားသည့် နေ့အပူချိန်များ

၂-၃-၂၀၁၁

ချောက်မြို့	၄၀ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၃၉ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၃၉ ဒီဂရီစင်တီဂရိတ်

ငှက်ဝါသနာရှင်အသင်း ငှက်ကြည့်အခြေခံ သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုစေရန်၊ ကျွမ်းကျင်သည့် ငှက်ကြည့်ဧည့်လမ်းညွှန်များအား လေ့ကျင့်မွေးထုတ်ပေးရန်နှင့် ငှက်များနှင့် စပ်လျဉ်း၍ သုတေသန ပြုလုပ်နေသူများ၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူပြုစေရန်ရည်ရွယ်ပြီး ငှက်ကြည့်အခြေခံသင်တန်း အမှတ်စဉ်(၅)ကို မြန်မာငှက်ဝါသနာရှင်အသင်း၏ စီစဉ်မှုဖြင့် မတ် ၁၁ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းတွင် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ၊ ငှက်အမျိုး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪